ရက္ခိုင့်လူ့အဖွဲ့အစည်း အမြိုပြုသတင်းစဉ် ဖြစ်ပါသည်။

ဝယ်ယူပါ။
ဖတ်ပါ။မှတ်ပါ။လေ့လာပါ။
ဆွေးနွေးအကြံပြုပါ။
ဝေဖန်သုံးသပ်ပါ။
စာမူ၊ကြော်ငြာနန့် ရက္ခိုတန္ဒယ်ဖွါးရှိ့၏ လှုပ်သျှားမှုသတင်းများကို ပီးပို့အားပီးနိုင်ကတ်ပါရေ။
ပူးပေါင်း၊ဆက်သွယ်၊ ဆောင်ရွက်ကတ်ပါ။
အထူးကျေးဇူးတင်ပါရေ။


Editor:
Oo Thein Maung

ဆက်သွယ်ရန်လိပ်စာ


1107 S Washington St.
Wheaton, IL 60189
U.S.A.

1-630-682-3616 (Home)
1-630-956-3382 (Cell)
theai2011@hotmail.com


တန်ဖိုး ၇ ဒေါ်လာ
၃ စောင်/ ၃လ စာ ၂၀ ဒေါ်လာ
၆ စောင်/ ၆လ စာ ၄၀ ဒေါ်လာ
၁ နှစ်စာ ၇၅ ဒေါ်လာ

## ကီရီဘာတီသမ္မတနိုင်ငံ (Kiribati)






ကျွန်းငယ်ပေါင်း ၃၃ ကျွန်းဖြင့်ဖွဲ့စည်းတည်ဟိသည့် ကီရီဘာတီကျွန်းစုနိုင်ငံသည်ဂီလ်ဘာ့(Gilbert)နှင့် အဲလေ့စ်(Ellice) ကျွန်းများ၏အစိတ်အပိုင်းတရပ်ဖြစ်သည်။ ဗြိတိသျှလက်အောက်ခံကိုလိုနီဖြစ်ခပြီးနောက်၁၉၇၉ခုနှစ်တွင်လွတ်လပ်ရေးရဟိသည်။၁၉၉၉ခုနှစ်နှောင်းပိုင်းတွင်ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာသည့်ကီရီဘာတီ၏အဓိကဝင်ငွေကိုခြံနှင့်ငါးဖမ်းလုပ်ငန်းများမှရဟိသည်။ ကီရီဘာတီနိုင်ငံ၏အဓိကကုန်သွယ်ဖက်နိုင်ငံများမှာအမေရိကန်၊ဘယ်လ်ဂျီယံ၊ဆာမိုအာ၊ဩစတြေးလျား၊မလေးသျှားစ သည်ရှိ့ဖြစ်ပါသည်။

**တရားဝင်အမည်။** ။ ကီရီဘာတီ။

**တည်ထောင်သည့်ခုနှစ်။** ။ ၁၉၇၉။

**မြို့တော်။** ။ တာရာဝါ (Tarawa)။

**အဓိကမြို့ကြီးများ။** ။ တာရာဝါ။

**လူဦးရေ။** ။ ၁၁၂၈၅၀ ဦး (ဂျူလိုင်၊ ၂၀၀၉)။

**လူဦးရေသိပ်သည်းမှုနှုန်း။** ။ ၁စတုရန်းမိုင်လျှင်၃၆၀ယောက်(၁ စတုရန်းခီလိုမီတာလျှင် ၁၃၉ ယောက်)။

**အကျယ်အဝန်း။** ။ ၂၇၇ စတုရန်းမိုင်(၇၁၇ စတုရန်းခီလိုမီတာ)။

**ဘာသာစကား။** ။ အင်္ဂလိပ်၊ ကီရီဘာတီ။

**ကိုးကွယ်သည့်ဘာသာ။** ။ ရိုမန်ကကသလိ ၅၃ ရာနှုန်း၊ ကီရီဘာတီပရိုတက်စတင့် ၃၉ ရာနှုန်း၊ အခြား ၈ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ မိုက်ခရိုနီးသျှန်း ၉၆ ရာနှုန်း၊ အခြား ၄ ရာနှုန်း။

**အစိုးရ။** ။ သမ္မတစံနစ်။

**ငွေကြီးယူနိ။** ။ ၁ ဩစတြေးလျဒေါ်လာလျှင် ၁၀၀ ဆန့်။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၉၉ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု** ။ ။ ၂၉၂၂ ခယ်လိုရီ။

ကမ္ဘာ့နိုင်ငံများ မိတ်ဆက်ကဏ္ဍ

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဂဒါဖီဘယ်သန်လား?ညာသန်လား? | ၁ |
| အယ်ဒီတာ့စကား | ၂ |
| မာ့ချ်လ ရက်စဉ်ကမ္ဘာ့သတင်းများ | ၄–၈ |
| မြေပုံကြည့်ယက်ပင်းသတင်းဖတ်၊ သတင်းဖတ်ပနာမြေပုံကြည့် | ၁၀–၁၁ |
| လေးခွန်းစကားအိန်တာဗျူး | ၁၂ |
| စောပြည့်ညိုရခိုင်စာအုပ်စင် | ၁၃ |
| ပြုံးပြုံးရယ်ရယ် အသက်ရှည် | ၁၅ |
| ဖိလိပိုင်အမျိုးသမီးသမ္မတ ကိုရာဇန်အကွီနို (မောင်သာပေါ် – ရမ်းဗြဲ) | ၁၆ |
| အင်္ဂလိပ်စကားပြောကတ်မေ | ၁၈ |
| အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ | ၁၉ |
| ကီရီဘာတီသမ္မတနိုင်ငံ | ၂၀ |



အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။



The Arakan International

# The Arakan International

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

အမှတ် (၃)
မာ့ချ်လ၊
၂၀၁၁ ခုနှစ်။


# ဂဒါဖီဘယ်သန်လား?ညာသန်လား?






*"ယင်းအကောင်ရောက်လာရေနိကပင်လီလည်းမချွန်၊စကားလဲ့တခွန်းလည်းမပြောပါသိ၊ စားရေ၊ အိပ်တေ၊ စားရေ၊အိပ်တေ၊ ဇာပိုင်လဲတေ့မသိပါ၊ယေဂေလည်းဒေကျန်ရေဘာသာအမျိုးမျိုးတတ်တေအကောင်တိအားလုံးကသူ့ကို '**ဆရာကြီး**' လို့နိစိုဥ်ခေါ်ကတ်ပါရေ၊ယေဖူးနန့် သူ့တန်ဖိုးဒေါ်လာ၅၀၀ပါ"* . . . . . (စာ ၁၅)




*သို့ဖြင့်အမျိုးကိုချစ်သူ၊ မိမိကိုယ်တိုင်လူကုံထံတဦးဖြစ်သော်လည်းဖိလိပိုင်ဆင်းရဲသားလူများစုအတွက်ရပ်တည်တိုက်ပွဲဝင်ကာအမိမြေပေါ်၌ထာဝရအိပ်စက်အနားယူလားဗျာယ်ဖြစ်သည့်ခင်ပွန်းသည်၏ရုပ်ကလပ်အားမြီချရန်အလို့ငှါ . . . . . (စာ ၁၇)*



*ပြီးခရေလပိုင်းချေတိအတွင်းမှာသူရှိ့အာဏာသျှင်များကလပ်အသင်းဝင်ဟောင်းတိလည်းဖြစ်၊ လိဗျား၏အိမ်နားပါးချင်းတိလည်းဖြစ်ကတ်တေ တူနီးသျှားကဘန်အလီနန့်အီဂျိကဟော့စနီမူဘာရာ့ရှိ့ရှိဆင့်နောက်ဆင့် Goodbyeလုပ်လားကတ်အပြီးမှာ . . . . . (စာ ၉)*

လိဗျားရေမြီထဲပင်လယ်ကမ်းခြီတလျှောက်ကနိုင်ငံတိထဲမှာရှည်လျှားရေသမိုင်းကြောင်းနောက်ခံမူ၊ရှိဟောင်းယဉ်ကျေးမှုအမွီအနှစ်တိတည်ဟိနိန်မူ၊အထိုက်အလျှောက်ကျယ်ပြန့်ရေနယ်မြီကိုပိုင်ဆိုင်မူ၊ရီနံကြောင့်ချမ်းသာကြွယ်ဝမူနန့်အတူအကြမ်းဖက်သမားတိနန့်ဆက်သွယ်ဆောင်ရွက်မူတိ၊ကမ္ဘာ့သက်တမ်းအရှည်ဆုံးအာဏာသျှင်တိထဲမှာထိပ်တန်းစာရင်းဝင်ဗိုလ်မှူးကြီးဂဒါဖီရှိ့ပိုင်ပုဂ္ဂိုလ်တိကြောင့်နိုင်ငံတကာသတင်းစာမျက်နှာတိထဲမှာအတိုင်းအတာတခုထိဖေါ်ပြခြင်းခံရရေနိုင်ငံဖြစ်ပါ ရေ။

လိဗျားကမ်းခြီတလျှောက်ကိုအစဉ်အလာအားဖြင့်ခရစ်တော်မပေါ်ခင်နှစ်ပေါင်း၄၀၀၀လောက်ကပင်မြီထဲပင်လယ်ထဲမှာရီကြောင်းကျွမ်းကျင်ရေဖီးနိသျှန်း(Phoenicians)လူမျိုးတိကပိုင်ဆိုင်နိန်ထိုင်လာကတ်စွာပါ။ယင်းနောက်မှာဘာဘာ၊ရောမအစဟိရေအိန်ပါယာတိထဲမှာအပါအဝင်ဖြစ်ခပြီးကေအေဒီ၇ နန့် ၈ ရာစုဝန်းကျင်မှာမူဆလိန်ဘာသာဝင်တိ၏သိမ်းပိုက်မှုကိုခံရပနာလိဗျားရေမူဆလိန်အမာခံနယ်မြီတခုဖြစ်လာခပါရေ။၁၅၁၇ခုနှစ်၊တူရကီအိန်ပါယာကအီဂျိကိုသိမ်းပိုက်တေခါလိဗျားရေအော်တိုမန်ရှိ့၏ဩဇာခံနယ်မြီတခုဖြစ်လာပြီး၁၉၁၁ခုနှစ်မှာအီတလီရှိ့၏သိမ်းပိုက်ခြင်းကိုခံရပါရေ။ဒုတိယကမ္ဘာစစ်ကာလအတွင်း၁၉၄၃ခုနှစ်မှာဗြိတိသျှတပ်တိဝင်လာပြီးကေ၁၉၄၄ခုနှစ်ကပင်စလို့လိဗျား၏နယ်မြီအများစုရေဗြိတိသျှအစောင့်သျှောက်ခံနယ်မြီတခုဖြစ်လာပနာအနည်းစုနယ်မြီတချို့ကတေ့ကေပြင်သစ်အုပ်ချုပ်မှုအောက်မှာဟိနိန်ခပါရေ။၁၉၅၁ခုနှစ်၊ဒီဇင်ဘာလ ၂၄ရက်နိမှာလိဗျားရေလွတ်လပ်သောစည်းမျဉ်းခံဘုရင်အုပ်ချုပ်မှုစံနစ်ကျင့်သုံးရေနိုင်ငံတနိုင်ငံဖြစ်လာပြီးကေလိဗျားကိုကမ္ဘာ့ဇတ်ခုံထက်မှာအရေးပါရေနယ်မြီတခုဖြစ်လာဖို့ကံကြမ္မာကိုတေ့ကေ၁၉၅၉ခုနှစ်မှာအစပြုပါရေ။ဘဇာကြောင့်လဲဆိုကေယင်းနှစ်ထဲမှာလိဗျားပိုင်နက်ထဲမှာကြွယ်ဝရေရီနံသိုက်တိကိုတွိဟိမှုနန့်အတူကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတခုဖြစ်ခရေလိဗျားရေမြောက်ပိုင်း


(စာမျက်နှာ ၉ သို့)

ကျွန်းတွင်ဇမ္ဗူ
လူတွင်ရခိုင်
ကြိုင်ဘိသတင်း
ကင်းဘိအပြစ်
ချစ်သည့်အမျိုး
ကြိုးသည့်လုံ့လ
မြတ်စာဂ နှင့်
နှစ်ဝနတ်လူ
ချစ်ကြည်ဖြူသည်
နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။
*(သျှင်မဟာသီလဝံသ)*

"စာပီယဉ်ကျေးမှုပြည့်စုံ
စံမှီရေလူမျိုး၏ အမျိုးဂုဏ်
သိမ်ငယ်ရေစိတ်ထားတိ အစီးသျှောင်"
"ပညာဂုဏ် အလင်းရှိ
တောက်ပြောင်
မိုန်နိန်ရေကျေးလက်တိလင်းအောင်
အောင်မြင်ရေလူတိက စွမ်းဆောင်"

"အတိတ်က ခမ်းနားစွာ
အပြောနန့် မပြီးသိပါ
တိုးတက်ဖို့လည်း လိုရာ
အယင်ပိုင်ထင်ပေါ်ရ အောင်
ဖွဲ့ လုံ့လ သျှိသင့်ဗျာယ်
ရခိုင်! ရခိုင်! ရခိုင်!"
*(ဝင်းကိုခိုင်၏သီခြင်းစာသားမှ)*

# အယ်ဒီတာ့စကား

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်အမှတ်(၃)မှာရှီးချင်စွာတိအများကြီးပါ။

မာ့ချ်လ၏ကမ္ဘာ့ဂေါင်းဆောင်ကြီးများကဏ္ဍမှာအေလဖွါးကမ္ဘာ့ဂေါင်းဆောင်ကြီးတိထဲကအမေရိကန်၏၄ယောက်မြောက်သမ္မတဂျိမ်းစ်မေဒီဆိန် (James Madison)၏ဘဝအကြောင်းကိုသူ၏အားမျှခြီနိုင်ငံရေးအယူအဆ(သို့မဟုတ်)ဖလီအစိုးရ (Balance Government)ဝါဒနန့်ရောမ္ဗိပနာတင်ပြလားဖို့ရည်ရွယ်ထားခစွာပါ။သို့သော်လည်းအေလ(၈)ရက်နိမှာကျရောက်တေအပြည်ပြည်ဆိုင်ရာအမျိုးသမီးများနိကိုဂုဏ်ပြုသည့်အနိန်ဖြင့်အာသျှတိုက်၏ပထမဦးဆုံးအမျိုးသမီးသမ္မတဖြစ်ဖူးရေဖိလိပိုင်သမ္မတကိုရာဇန်အကွီနိုအကြောင်းတစိတစောင်းကိုတင်ပြပီးလိုက်ပါရေ။

မျက်နှာဖုံးဆောင်းပါးကိုလည်းဂျပန်ဆူနာမီနန့်လိဗျားကဂဒါဖီရို့ကိစ္စနှစ်ရပ်အားပြိုင်နိန်ခပါရေ။သို့သော်ယင်းဘေးဒုက္ခအပျက်အစီးနှစ်ရပ်၏ကွာခြားပုံကိုတစိချေလောက်ထဲထဲဝင်ဝင်စဉ်းစားကြည့်ရေခါဂျပန်ကိစ္စကသဘာဝဘေးဒုက္ခ(Natural Disaster)ပါ။တနည်းအားဖြင့်ယှောင်လွှဲလို့ရကောင်းသောအရာမဟုတ်ပါ။လိဗျားပြည်သူတိအတိဒုက္ခရောက်နိန်ရစွာကလူလုပ်ဘေးဒုက္ခ(Man-Made Disaster)ပါ။တနည်းအားဖြင့်ယှောင်လွှဲလို့ရကောင်းသောအခြင်းအရာဖြစ်ပါရေ။သို့သော်လိဗျားကဘုရင့်မိသားစုတိကိုကွပ်မျက်ပြီးကေစစ်အာဏာသိမ်းပနာနိုင်ငံကိုထင်ရာစိုင်းလာရေ မာမ္မာဂဒါဖီ(Muammar Gaddafi)က၄၂နှစ်ကြာမင်းမူရစွာကိုအားမရပဲ**မသီမချင်းကုလားထိုင်ကမဆင်းဗျာယ်**ဆိုရေသဖေါနန့်ဆန္ဒပြပြည်သူတိကိုလီယဉ်ပျံနန့်တောင်ဖုံးကြဲရေကိစ္စကိုမရှီးပဲမနိန်နိုင်အောင်ဖြစ်ရပါရေ။ယေဇူးနန့်လိဗျားသမိုင်းကြောင်းကိုနယူးယော့ထိုင်းမ်ကမ္ဘာ့စွယ်စုံကျမ်း၂၀၁၁(The New York Times Almanac 2011)ထဲကမိုးငြမ်းပြုဗျာယ်လိဗျားအရေးအခင်း၏လက်ဟိအခြေအနေကိုလည်းထင်ဟပ်ရှီးသားလိုက်ပါယင့်။

နောက်လ(အေပရယ်လ)မှာကျရောက်ဖို့ဖြစ်တေသင်္ကြန်အကြောင်းကိုအခြီခံရေ ခါတော်မှီဆောင်းပါးချေတပုဒ်ကိုလည်းရှီးချင်နိန်ခပါရေ။စာမျက်နှာအခက်အခဲကြောင့်မရှီးဖြစ်လိုက်ပါဗျာယ်။

ရခိုင်စာဖတ်ပရိတ်သတ်နန့်ရခိုင်လူငယ်ချေတိကိုတောင်းဆိုချင်စွာတခုဟိပါရေ။ရောက်တေနေရာ၊ဖြစ်တေအခြေအနေမှာပညာသင်နိုင်အောင်ကြိုးစားကတ်ဖို့နန့်စာဖတ်၊စာရှီးကတ်ဖို့ပါ။ဇာဖြစ်လို့ပညာဆည်းပူးကတ်ဖို့လိုရေလဲဆိုစွာကိုဆောင်းပါးတိရှီးပနာဆွေးနွေးပါအုံ့မေ။စာရှီးခြင်းကိစ္စကိုတစိချေလောက်အေမှာဖေါ်ပြပါမေ။**စာဖတ်ခြင်းရေပြည့်ဝရေလူဖြစ်စီပါရေလှတ်။ပြောဆိုဆွေးနွေးခြင်းကတော့ကေအဆင်သင့်ဟိသောသူဖြစ်လာစီပြီးကေစာရှီးခြင်းရေတိကျရေလူဖြစ်လာစီရေလို့ဆိုပါရေ**။ကိုယ့်ခံစားချက်အကြောင်း၊အခက်အခဲတိအကြောင်း၊အောင်မြင်မှုတိအကြောင်း၊အတွီအကြုံတိအကြောင်းအစဟိသည်ဖြင့်လူတိုင်းမှာရှီးမကုန်နိုင်ရေဘဝဇာတ်လမ်းကိုယ်စီနန့်ပါ။ယင်းချင့်တိကိုရှီးချပနာကလောင်သွီးကတ်ဖို့အထူးဖိတ်ခေါ်လိုပါရေ။ယေပြီးကေအေစာစဉ်(သို့မဟုတ်)အခြားဇာစာစောင်၊မဂ္ဂဇိန်းသို့မဆိုပို့ကတ်ပါ။ရခိုင်စာအုပ်တိထုတ်နိုင်အောင်ကြိုးစားကတ်ပါ။အကျွန်ရို့လူတယောက်ချင်းစီအရည်အသွီးမြင့်မားလာမှ၊စံနစ်ကျလာမှသာလျှင်ရခိုင့်လူ့အဖွဲ့အစည်းတရပ်လုံးသည်လည်းအရည်အသွီးပြည့်စုံချိန်မှီလူ့အဖွဲ့အစည်းဖြစ်လာဖို့ဖြစ်ကြောင်းနန့်**"ရခိုင်သားအားလုံးရာ၎ါ့ပိုင်လူဂျေးယာဆိုကေရခိုင့်လူ့အဖွဲ့အစည်းရေဘဇောင်လူ့အဖွဲ့အစည်းမျိုးဖြစ်နိန်လီဖို့လဲ"**ဆိုစွာကို ကိုယ့်စွာကိုယ် စောကြောမိန်းခွန်းထုတ်ဗျာယ်အဖြေရှာကြည့်ကတ်ဖို့တိုက်တွန်းယက်ပင်းတိုးတက်ခေတ်မှီသော၊ပညာပြည့်ဝနလုံးလှသောရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးများဖြစ်လာနိုင်ကတ်ပါစီလို့ဆုတောင်းဆန္ဒပြုလိုက်ပါယင့်။



ခင်မင်မှုဖြင့်
ဦးသိန်းမောင်

**ရက္ခိုင်ပြည်၏အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။**



# အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ

***အေအစီအစဉ်သည်ရခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးများ၊ရခိုင်ကျောင်းသားကျောင်းသူများအနိန်ဖြင့်နိုင်ငံတကာစာနယ်ဇင်းများ၊နိစဉ်ထုတ်သတင်းစာများ၊ကျောင်းသင်ခဏ်းစာအုပ်များတွင်အင်္ဂလိပ်စာကိုဖတ်ရှုကတ်ရာ၌ပိုမိုသဖေါပေါက်နားလည်ကတ်စီရန်ရည်ရွယ်လျှက်ကြိုးစားဘာသာပြန်ဆိုစီစဉ်တင်ဆက်ထားခြင်းဖြစ်ပါရေ။ ကမ္ဘာနန့်ရင်ဘောင်တန်းဗျာယ်ပညာပြည့်ဝ၊နလုံးလှရေ အာဂ ရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးတိဖြစ်လာနိုင်ကတ်ပါစီ။ ။***

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

Aggregate demand : စီးပွါးရေးဆိုင်ရာကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုစုစုပေါင်းဝယ်လိုအား။

Aggregate supply : စီးပွါးရေးဆိုင်ရာကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုစုစုပေါင်းရောင်းလိုအား။

Aggression : တိုင်းပြည်၊နိုင်ငံတခုခုမှအခြားတိုင်းပြည်နိုင်ငံတခုခုအပေါ်ရန်လိုသည့်၊မထီမဲ့မြင်ပြုလိုသည့်အပြုအမူ(သို့မဟုတ်)လုပ်ဆောင်မှု။ ဥပမာအားဖြင့်၁၉၉၀ခုနှစ်ကအီရတ်နိုင်ငံမှကူဝိတ်သို့စစ်အင်အားအလုံးအရင်းနှင့်ဝင်ရောက်သိမ်းပိုက်ခြင်းမျိုး။

Agitation : နိုင်ငံရေးဆိုင်ရာသဖေါထားတရပ်အတွက်သော်လည်းကောင်း၊ယုံကြည်မှုတရပ်အတွက်သော်လည်းကောင်းအများပြည်သူရှိမှောက်တွင်နိုင်ငံရေးနည်းလမ်းအရလှုပ်သျှားတက်ကြွဆောင်ရွက်ခြင်းမျိုး။ ဥပမာ၁၉၈၀ပြည့်လွန်နှောင်းပိုင်းနှစ်များတွင်တရုတ်ပြည်၌ဖြစ်ပွါး၊ပေါ်ပေါက်ခသည့်နိုင်ငံရေးဆိုင်ရာလွတ်လပ်ခွင့်တောင်းဆိုမှုများ။

Agrarian : ပထဝီမြေပြင်နှင့်ဆက်စပ်ဆောင်ရွက်ရသည့်ကိစ္စရပ်များ။ စိုက်ပျိုးရေး။

Aide-de-camp : ယုံကြည်ဖွယ်ရာအဆင့်အရည်ဟိသည့်အဆင့်မြင့်အရာဟိကြီး။

Alien : နိုင်ငံရပ်ခြားမှလာရောက်သူ။ တိုင်းတပါးသား။ အခြားကမ္ဘာမှလာရောက်သူ။

Allegiance : မူဝါဒတခုခုအပေါ် (သို့မဟုတ်)ဂေါင်းဆောင်တဦးဦးအပေါ်(သို့မဟုတ်)တိုင်းနိုင်ငံတခုခုအပေါ်သစ္စာဟိခြင်း၊သစ္စာပြုထမ်းရွက်ခြင်း။

Alliance : (ပြည်တွင်းတွင်ဖြစ်စီ၊ပြည်ပတွင်ဖြစ်စီ)နှစ်ဦးနှစ်ဖက်အကျိုးတူ၊ရည်မှန်းချက်တူသည့်အဖွဲ့အစည်းများအချင်းချင်း၊တိုင်းပြည်နိုင်ငံများ အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း။ ဥပမာပထမကမ္ဘာစစ်၊ဒုတိယကမ္ဘာစစ်များအတွင်းတွင်ဦးတည်ချက်တူရာနိုင်ငံများအချင်းချင်းပူးပေါင်း၍စစ်ရေးဆင်နွဲခြင်းမျိုး။

Altruism : ကိုယ်ကျိုးမဖက်ပဲအများအကျိုးအတွက်ဆောင်ရွက်ခြင်း။

Ambassador : သံအမတ်။နိုင်ငံရပ်ခြားတွင်မိမိရို့၏သက်ဆိုင်ရာနိုင်ငံအတွက်ကိုယ်စားပြုဆောင်ရွက်ရသောသံတမန်အဖွဲ့အစည်း၏အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်၊နိုင်ငံကိုယ်စားပြုသံတမန်အဖွဲ့၏အကြီးအကဲ။

Amendment : (နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြီခံဥပဒေတွင်)ပြင်ဆင်ချက်။နိုင်ငံတခု၏မူလဖွဲ့စည်းအုပ်ချုပ်ပုံအခြီခံဥပဒေတွင်အချိန်ကာလနှင့်အခြေအနေအားလျှော်စွာလိုအပ်သည့်အခန်းကဏ္ဍများကိုလိုအပ်သည့်အလျှောက်(နိုင်ငံဥပဒေပြုအာဏာပိုင်များမှ)ထည့်သွင်းခြင်း၊အစားထိုးခြင်း၊ထုတ်ပယ်ခြင်း စသည့်ပြင်ဆင်ချက်များကိုဆိုလိုပါသည်။

Amnesty : လွတ်ငြိမ်းချမ်းသာခွင့်။ နိုင်ငံရေးဆိုင်ရာအတိုက်အခံပြုသူများ၊ပြစ်မှုဖြင့်ပြစ်ဒဏ်ကျခံနိန်ရသူများကိုပြစ်ဒဏ်မှကင်းလွတ်ခွင့်ပြုခြင်း။

Anarchy : အစိုးရ၏ဩဇာသက်ရောက်မှုကင်းမဲ့ခြင်း။ မင်းမဲ့စရိုက်ဆန်ခြင်း။ လူ့အဖွဲ့အစည်းထဲတွင်အစီအစဉ်မဲ့စွာဖရိုဖရဲဖြစ်ခြင်း။

Anarchism: (နိုင်ငံတွင်)အစိုးရအုပ်ချုပ်မှုအဖွဲ့ဟိရန်မလိုအပ်ဟုယူဆ၊ယုံကြည်သည့်ဝါဒ။ အဆိုပါဝါဒီများအနိန်ဖြင့်အစိုးရဟူသည်မှာနိုင်ငံငွီကြီးကိုဖြုန်းတီးနိန်သူများ၊မကောင်းဆိုးဝါးများဟုမြင်ကတ်ပါသည်။ အေဝါဒသည်၁၉ရာစုနှစ်ကရာသျှားနိုင်ငံတွင်ပေါ်ပေါက်ခပြီးရာသျှားအိမ်ရှိမင်းသားပီတာကရော်ပေါ့ကိန် (Prince Peter Kropotkin 1842-1921) နှင့် မိုက်ခယ်လ်ဘာကူနိန် (Mikhail Bakynin 1814-1876)ရို့၏လက်ထက်တွင်အင်အားကြီးထွါးခပါသည်။ အမေရိကန်နိုင်ငံတွင် ၁၉၀၁ခုနှစ်၌သမ္မတဝီလီယံမက္ကိန်လေ (William McKinley)သည်မင်းမဲ့ဝါဒီများ၏လုပ်ကြံသတ်ဖြတ်ခံရမှုကြောင့်သီဆုံးလားခြင်းဖြစ်ပါသည်။

Annexation: ခွင်ပြုချက်၊အဆိုပြုချက်တစုံတရာမဟိပဲသီးခြားနိုင်ငံတခု၏နယ်မြီကိုအခြားနိုင်ငံတခုမှကျူးကျော်ဝင်ရောက်သိမ်းပိုက်ခြင်း။ အထူးသဖြင့်အင်အားသာလွန်သူနိုင်ငံမှအင်အားငယ်သည့်နိုင်ငံအပေါ်အင်အားသုံးဝင်ရောက်သိမ်းပိုက်ခြင်းမျိုးကိုဆိုလိုပါသည်။ ဥပမာ ၁၇၈၄ခုနှစ်တွင်ဗမာပြည်မှရခိုင်ပြည်အားဝင်ရောက်သိမ်းပိုက်ခြင်းမျိုး။

Anthropology: လူသားမျိုးနွယ်စုဆိုင်ရာကိစ္စရပ်များအပေါ်လေ့လာခြင်း။ အတိတ်ကလူသားများ၏လူနိန်မှုစံနစ်များအပေါ်လေ့လာမှုများကိုအလေးထားရည်ညွှန်းလေ့ဟိပါသည်။

Apartheid System: အဖားထိုက်ဝါဒ။ လူဖြူ၊လူမည်းခွဲခြားဆက်ဆံပြီးလူမည်းများကိုနှိမ်သည့်ဝါဒ။၁၉၉၄ခုနှစ်တွင်ပထမဦးဆုံးသောလူများစုလူမည်းသမ္မတနယ်လ်ဆင်မန်ဒဲလားအာဏာရလာချိန်မတိုင်မီထိတောင်အာဖရိကနိုင်ငံ၌ကျင့်သုံးခသည့်ဝါဒဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆

*(လစဉ် မပျက်မကွက် ဆက်လက်တင်ဆက်လားမည်ဖြစ်ပါသည်။)*

# အင်္ဂလိပ်စကားပြောကတ်မေ

***အေအင်္ဂလိပ်သင်ခဏ်းစာတိရေ အင်္ဂလိပ်စကားပြောကိုအခြေခံကစလို့လေ့လာနိုန်ရေရခိုင်အချေရို့၊စာဖတ်သူရို့အတွက်ရည်ညွှန်းလျှက်အခြေခံအကျဆုံးအဆင့်တိကနိုန်တဆင့်ပြီးတဆင့်စီစဉ်တင်ဆက်လားဖို့ဖြစ်ပါရေ။အင်္ဂလိပ်အသံထွက်တိကိုအမေရီကန်တိထွက်တေလီသံအတိုင်းအပါးဆုံးရအောင်ကြိုးစားရှီးယူထားခြင်းဖြစ်ပါရေ။ ကျေးဇူးတင်ပါရေ။ ကမ္ဘာကိုအလုပ်အကျွေးပြုနိုင်ရေရခိုင်များပေါ်ထွန်းလာပါစီ။***

**<u>Lesson Three: Numbers</u>**

**<u>သင်ခဏ်းစာ(၃)၊ ကိန်းဂဏန်းများ</u>**

**<u>ဂဏန်းပေါင်းခြင်း၊နုတ်ခြင်း၊မြှောက်ခြင်းနှင့်စားခြင်း</u>**

Plus (+) = *ဖလာ့စ်* = အပေါင်း၊ ပေါင်းခြင်း။

Minus (-) = *မိုင်းနာ့စ်* = အနှုတ်၊ နှုတ်ခြင်း။

1+1 = 2: One and one are two.

*၁+၁ = ၂ : ဝင်းန်ဖလာ့စ်ဝင်းန်အာရ်ထူး*

၁ နန့် ၁ ပေါင်းကေ ၂ ရရေ။

2+1 = 3: Two and one are three.

*၂+၁ = ၃: ထူးအန်န်ဝင်းန်အာရ်သရီး*

၂ နန့် ၁ ပေါင်းကေ ၃ ရရေ။

3+2 = 5: Three and two are five.

*၃+၂ = ၅ : သရီးအန်န်ထူးအာရ်ဖိုက်ဗ်*

၃ နန့် ၂ ပေါင်းကေ ၅ ရရေ။

4-3 = 1: Four minus three is one.

*၄-၃ = ၁: ဖေါရ်မိုင်းနာ့စ်သရီးအိစ်ဝင်းန်*

လေးက၃နှုတ်ကေ ၁ ရရေ။

5-2 = 3: Five minus two is three.

*၅-၂ = ၃: ဖိုက်ဗ်မိုင်းနာ့စ်ထူးအိစ်သရီး*

ငါး က ၂ နှုတ်ကေ ၃ ရရေ။

3x2 =6: Three times two is six.

*၃×၂ = ၆ : သရီးထိုင်းမ်းစ်ထူးအိစ်ဆိခ်စ်*

၃ နှစ်လီ ၆ ။ (၃ နန့် ၂ မြှောက်ကေ ၆ ရရေ။)

3x3 = 9: Three times three is nine.

*၃×၃ = ၉ : သရီးထိုင်းမ်စ်သရီးအိစ်နိုင်းန်*

သုံး သုံးလီ ကိုး။ သုံးနန့်သုံးမြှောက်ကေ ကိုး ရရေ။

4÷2 = 2: Four divided by two is two.

*၄÷၂ =၂ : ဖေါရ်ဒဗိုင်းဒဲ့ဒ်ဘိုင်ထူးအိစ်ထူး*

၄ ကို ၂ နန့်စားကေ ၂ ရရေ။

10÷5 = 2: Ten divided by five is two.

*၁၀÷၅ =၂ : ထန်းဒဗိုင်းဒဲ့ဒ်ဘိုင်ဖိုက်ဗ်အိစ်ထူး*

တဆယ်ကိုငါးနန့်စားကေ ၂ ရရေ။

How much are four and two?

*ဟောင်းမာ့ချ်အာရ်ဖေါရ်အန်န်ထူး*

လေးနန့်နှစ်ပေါင်းကေဇာရရောင်။

How much is four times two?

*ဟောင့်မာ့ချ်အိစ်ဖေါရ်ထိုင်းမ်စ်ထူး*

လေးနှစ်လီဇာလဲ။ လေးနန့်နှစ်မြှောက်ကေဇာရရောင်။

How much are seven and two?

*ဟောင်းမာ့ချ်အာရ်ဆဲဗေးန်အန်န်ထူး။*

ခုနစ်နန့်နှစ်ပေါင်းကေဇာလောက်ရရောင်။

How much are six and four?

*ဟောင်းမာ့ချ်အာရ်ဆိစ်ခ်စ်အန်န်ဖေါရ်။*

ခြောက်နန့်လေးပေါင်းကေဇာရရောင်။

How much is seven minus three?

*ဟောင်းမာ့ချ်အိစ်ဆဲဗေးန်မိုင်းနာ့စ်သရီး။*

ခုနစ်ကနှစ်သုံးနှုတ်ကေဇာရရောင်။

How much is six divided by three?

*ဟောင်းမာ့ချ်အိစ်ဆိခ်စ်ဒဗိုင်းဒဲ့ဒ်ဘိုင်သရီး။*

ခြောက်ကို၃နန့်စားကေဇာရရောင်။

How much is eight divided by four?

*ဟောင်းမာ့ချ်အိစ်အိတ်ဒဗိုင်းဒဲ့ဒ်ဘိုင်ဖေါရ်*

သျှစ်ကိုလေးနန့်စားကေဇာရရောင်။

***(သင်ခန်းစာအလိုက်မပျက်မကွက်ဆက်လက်ဖေါ်ပြလားပါမည်။)***

<u>နောက်လ</u>
<u>သင်ခန်းစာ(၄)</u>
<u>အရောင်များ</u>

**<u>Colors</u>**



# မာ့ချ်လ (March)

မာ့ချ်လသည်ရှိဟောင်းရောမပြက္ခဒိန်တွင်ပထမဦးဆုံးလဖြစ်သည်။သို့သော်နောက်ပိုင်းတွင်တတိယမြောက်လဖြစ်လာခပါသည်။မာ့ချ်လတွင်ရက်ပေါင်း၃၁ရက်ဟိပါသည်။အေလသည်ရခိုင်ပြက္ခဒိန်တွင်အကြမ်းဖျဉ်းအားဖြင့်တပေါင်းလနှင့်တိုက်ဆိုင်သောလဖြစ်ပါသည်။

ကမ္ဘာ့သမိုင်း၏သမိုင်းဝင်စာတင်ခံရသောလူသားများအနက် အောက်ဖေါ်ပြပါပုဂ္ဂိုလ်များကိုမာ့ချ်လတွင်ဖွါးမြင်ခပါသည်–




မာ့ချ် ၂၊ ၁၈၁၀ ပုပ်ရဟန်းမင်းလီယို (Pope Leo XIII)

မာ့ချ် ၂၊ ၁၈၇၆ ပုပ်ရဟန်းမင်းပိုက်ယာ့စ် (Pope Pius XII)


မာ့ချ် ၂၊ ၁၉၃၁ မိုက်ခယ်လ်ဂေါ်ဘာချော့ဗ် (Mikhail Gorbachev) (ဆိုဗီယက်ပြည်ထောင်စု၏သမ္မတဟောင်း)။

မာ့ချ် ၃၊ ၁၈၄၇ အလက်ဇန္ဒါးဂရေဟမ်ဘဲလ် (Alexander Graham Bell) တယ်လီဖုန်းကိုတီထွင်ခသူ။

မာ့ချ် ၆၊ ၁၄၇၅ မိုက်ခယ်လ်အန်ဂျလို (Michelangelo) အီတာလျံပန်းချီဆရာ။

မာ့ချ် ၁၂၊ ၁၉၇၅ ဝီလီယံမာ့ကိန်ဇီ (William Lyon Mackenzie) စကော့တိချ်နွယ်ဖွါးကနေဒီယန်စာရှီးဆရာ။

မာ့ချ် ၁၃၊ ၁၇၃၃ ဂျိုးဇက်ပရိုက်စ်လေ (Joseph Priestley) အောက်ဆီဂျိန်ကိုစမ်းသပ်တွိဟိခသူ၊အင်္ဂလိပ်ဘာသာရေးနှင့်တွေးခေါ်ပညာသျှင်။




မာ့ချ် ၁၄၊ ၁၈၇၉ အဲလ်ဘာ့အိုင်စတိန်း (Albert Einstein) ဂျာမန်နွယ်ဖွါးအမေရီကန်သိပ္ပံပညာသျှင်ကြီး။

မာ့ချ် ၁၅၊ ၁၇၆၇ အန်ဒရူးဂျက်ဆန် (Andrew Jackson) ၇ယောက်မြောက်အမေရီကန်သမ္မတ။

မာ့ချ် ၁၆၊ ၁၇၅၁ ဂျိမ်းစ်မယ်ဒီဆိန် (James Madison) ၄ယောက်မြောက်အမေရီကန်သမ္မတ။

မာ့ချ် ၁၈၊ ၁၈၃၇ ဂရော်ဘာခလီးဗလန်းဒ် (Grover Cleveland) ၂၂နှင့်၂၄ယောက်မြောက်အမေရီကန်သမ္မတ။

မာ့ချ် ၂၆၊ ၁၉၁၁ ထန်နက်ဆီဝီလီယံ (Tennessee Williams) အမေရီကန်ပြဇာတ်ရှီးဆရာ။

မာ့ချ် ၂၉၊ ၁၇၉၀ ဂျွှင်တယ်လာ (John Tyler) ၁၀ယောက်မြောက်အမေရီကန်သမ္မတ။

မာ့ချ် ၃၀၊ ၁၈၅၃ ဗိန်းဆန့်ဗန်ဂိုး (Vincent Van Gogh) ဒတ်ချ်ပန်းချီဆရာ။

## မာ့ချ်လအတွင်းအပြည်ပြည်ဆိုင်ရာအထိမ်းအမှတ်နိများ

| | | | | |
|---|---|---|---|---|
| မာ့ချ် ၆ ရက် ဂါနာ(Ghana) နိုင်ငံ လွတ်လပ်ရေးနိ | မာ့ချ် ၈ ရက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနိ | မာ့ချ် ၁၂ ရက် မောရိသျှပ် (Mauritius) နိုင်ငံ လွတ်လပ်ရေးနိ | မာ့ချ် ၁၄ ရက် St. Patrick's Day | မာ့ချ် ၂၆ ရက် ဘင်္ဂလာဒေ့ချ် (Bangladesh) လွတ်လပ်ရေးနိ |
|  |  |  |  |  |



<u>ဒွါရာဝတီ (သံတွဲ) ခေတ်မှစ၍</u>

**ရခိုင်မင်းမြတ်များ (ဘီစီ ၃၃၂၅ မတိုင်မီ)**

၁။ ဝါသုဒေဝမင်း
၂။ ဗြဟ္မရာဇာမင်း
၃။ ဗြဟ္မသုန္ဒရမင်း
၄။ ဗြဟ္မသိဒ္ဓိမင်း
၅။ သရာဘန်မင်း

**ဓညဝတီ (ပထမ) ခေတ် မင်းများ (ဘီစီ၃၃၂၅မှစ၍)**

၁။ မာရယုမင်း
၂။ မာရဇေတုမင်း
၃။ မာရအုံမင်း
၄။ မာရရွယ်မင်း
၅။ မာရတင်မင်း
၆။ မာရဇိန်မင်း
၇။ မာရတင်မင်း
၈။ ဆေတ်အို (မျိုးခြား)
၉။ ဒေါလစန္ဒရားမင်း
၁၀။ သောလစန္ဒရား
၁၁။ သူရိယစန္ဒရား
၁၂။ ကာလစန္ဒရား
၁၃။ တဥ္စန္ဒရား
၁၄။ မဓုစန္ဒရား
၁၅။ ဇေယျစန္ဒရား
၁၆။ မောက္ခစန္ဒရား
၁၇။ ဝုဏ္ဏစန္ဒရား
၁၈။ မျိုးခြားအမတ် ၃ ဦး

## မာ့ချ်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၁–ဩစတြေးလျနိုင်ငံတွင်ရှိကြီးမှုစသောသဘာဝဘေးဒုက္ခများဟိခလင့်ကစားနိုင်ငံ၏စီးပွါးရေးသည်တိုးတက်လာလျှက်ဟိကြောင်းသတင်းများတွင်ဖေါ်ပြသည်။

၁–တောင်ကိုးရီးယားနှင့်အမေရိကန်ပြည်ထောင်စုရို့သည်မြောက်ကိုးရီးယား၏နျူကလီးယားလက်နက်ထုတ်လုပ်၊ပိုင်ဆိုင်မှုကိစ္စနှင့်ပါက်သက်၍ဆွေးနွေးမှုများပြုလုပ်ကတ်သည်။

၁–ဂဒါဖီနောက်လိုက်များနှင့်ဂဒါဖီဆန့်ကျင်သူများကြားတွင်ပိုမိုတင်းမာလာသည့်အနိန်အထားများကြောင့်ပြည်တွင်းစစ်သို့ဦးတည်လာလျှက်ဟိရာသိန်းနှင့်ချီသောပြည်သူများသည်နိုင်ငံတွင်းမှထွက်ပြီးနိန်ကတ်သည်။

၂–ပါကိစတန်နိုင်ငံတွင်ခရိယံအစိုးရဝန်ကြီး(လူနည်းစုကိုယ်စားပြုသူများဝန်ကြီး)အားသေနတ်သမားတဦးမှလုပ်ကြံသတ်ဖြတ်လိုက်သည်။

၂– အစိုးရဆန့်ကျင်ရေးလှုံ့ဆော်မှုများဟိနိန်ရာမကြာခင်ပီကိန်းမြို့တော်တွင်ကျင်းပမည့်ပြည်သူ့လွှတ်တော်ညီလာခံအတွကလုံခြုံရေးများပိုမိုတင်းကျပ်၊ထူထပ်စွာချရန်တရုတ်အာဏာပိုင်များမှအမိန့်ထုတ်ပြန်လိုက်သည်။

၃– ၂၀၁၁ခုနှစ်အတွင်းတရုတ်ပြည်၏ကာကွယ်ရေးဆိုင်ရာအသုံးစရိတ်၁၂.၇ ရာနှုန်းထိတိုးမြှင့်လားမည်ဖြစ်ကြောင်းထုတ်ပြန်ကြေငြာသည်။


၃– တူနီးသျှားနိုင်ငံ၏ကြားဖြတ်အစိုးရသမ္မတမှနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီရွီးကောက်ပွဲများကိုလာမည့်ဂျူလိုင်လတွင်ကျင်းပလားမည်ဖြစ်ကြောင်းပြောဆိုလိုက်သည်။

၄– နှစ်နိုင်ငံကြားသူပိုင်ကိုယ်ပိုင်အငြင်းပွါးနိန်သည့်ကျွန်းများတဝိုက်တွင်တရုတ်နိုင်ငံရီတပ်မှစစ်ရေးလေ့ကျင့်မှုများပြုလုပ်နိန်မှုအားဗီယက်နမ်နိုင်ငံမှဝေဖန်ပြောဆိုလိုက်သည်။

၄– တောင်ကိုးရီးယားနိုင်ငံတွင်အစိုးရဝက်ဘ်ဆိုဒ်၂၉ခုအပါအဝင်အခြားဝက်ဘ်ဆိုဒ်အများအပြားရို့သည်ဆိုင်ဘာတိုက်ခိုက်မှုများခံရသည်ဟုဆိုသည်။

၅– ဖိလီပိန်းနိုင်ငံတွင်ကွန်မျူနိပြောက်ကျားများ၏တိုက်ခိုက်မှုကြောင့်ကားမောင်းသူနှစ်ဦးသီဆုံးလားသည်။

## ရာကြိမ်မြောက်ဟောလီးဝုဒ်အကယ်ဒမီဆုများ (ယခင်လမှအဆက်)



အကောင်းဆုံးကာတွန်းဖန်တီးမှု။ ။ Toy Story 3 (Lee Unkrich)


အကောင်းဆုံးအနုပညာစီစဉ်မှု။ ။ Alice in Wonderland

အကောင်းဆုံးရုပ်ရှင်ဓါတ်သားဖန်တည်းမှု။ ။ Inception (Wally Pfister)

အကောင်းဆုံးအဝတ်အဆင်ဒီဇိုင်း။ ။ Alice in Wonderland (Collen Atwood)

အကောင်းဆုံးမှတ်တမ်းတင်ဇတ်ကား(ပုံဖေါ်မှု)။ ။ Inside Job (Charles Ferguson and Audrey Marrs)

အကောင်းဆုံးမှတ်တမ်းတင်ဇတ်ကား(ကဏ္ဍတို)။ ။ Strangers No More (Karen Goodman and Kirk Simon)



အကောင်းဆုံးဖလိမ်တည်းဖြတ်မှု။ ။ Social Network (Angus Wall and Kirk Baxter)

အကောင်းဆုံးမိတ်ကပ်။ ။ The Wolfman (Rick Baker and Rick Elsey)

အကောင်းဆုံးတေးဂီတ။ ။ Social Network (Trent Reznor and Atticus Ross)

အကောင်းဆုံးအခြီခံသီခြင်း။ ။ Toy Story 3 Zwfum;rS "We blong together"



အကွီနိုသည်သူ့ဖိလိပိုင်အမိမြီသို့ပြန်လည်ခြီချသည့်၁၉၈၃ခုနှစ်၊ဩဂုတ်လ၂၁ရက်နိတွင်ပင်မနီလာလီဆိပ်၌ဖိလိပိုင်စစ်သားတဦး၏လုပ်ကြံခြင်းကိုခံလိုက်ရလီသည်။နီနို့ုင်လုပ်ကြံခံရသည့်သတင်းစကားကိုအမေရိကန်တွင်ဟိနိန်သည့်အကွီနိုရို့မိသားတစုသည်တယ်လီဖုန်းထဲမှတဆင့်လက်ခံရဟိခကတ်လီသည်။

သို့ဖြင့်အမျိုးကိုချစ်သူ၊မိမိကိုယ်တိုင်လူကုံထံတဦးဖြစ်သော်လည်းဖိလိပိုင်ဆင်းရဲသားလူများစုအတွက်ရပ်တည်တိုက်ပွဲဝင်ကာအမိမြီပေါ်၌ထာဝရအိပ်စက်အနားယူလားဗျာယ်ဖြစ်သည့်ခင်ပွန်းသည်၏ရုပ်ကလပ်အားမြေချရန်အလို့ငှါ ကိုရာဇန်အကွီနိုသည်ဟင်းလင်းပွင့်နိန်သလောက်လီးလံထိုင်းမှိုင်းသည့်ရင်တွင်းခံစားချက်များနှင့်အတူဖိလိပိုင်မြီသို့ပြန်လာခလီသည်။ယင်းနောက်ပိုင်းတွင်သူမသည်မားကို့စ်အတိုက်အခံပါတီ၊မားကို့စ်အတိုက်အခံရွီးကောက်ပွဲဝင်သူများအတွက်ကိုယ်စွမ်းဥာဏ်စွမ်းဟိသရွှေ့မနားမနိန်ဆောင်ရွက်သည်။အကွီနိုရို့၏မားကို့စ်အတိုက်အခံအုပ်စုသည်၁၉၈၅ခုနှစ်၊အောက်တိုဘာတွင်ဖိလစ်ပိုင်လွှတ်တော်၌အမတ်နေရာ၅၆နေရာအနိုင်ရဟိ၏။အစပိုင်းတွင်အကွီနိုအားနိုင်ငံရေးဂေါင်းဆောင်တဦးအဖြစ်သတ်မှတ်ရှုမြင်ရန်အခြေအနေနည်းနိန်ခသော်လည်းအချိန်အတိုင်းအတာတခုကိုဖြတ်သန်းပြီးနောက်ဝယ် မားကို့စ်အတိုက်အခံအုပ်စုများသည်အကွီနိုအားလက်ဟိသမ္မတမားကို့စ်အပေါ်ယှဉ်ပြိုင်အနိုင်ယူနိူင်သည့်စွမ်းအားပြည့်အတိုက်အခံဂေါင်းဆောင်တဦးဖြစ်ကြောင်းသဖေါပေါက်ရှုမြင်လာကတ်လီသည်။သို့ဖြင့် ***"အားလုံးအတွက်သင့်တော်မှန်ကန် သမ္မတသစ်ရာထူးအတွက်ကိုရာဇန်"***ဟူသောအမျိုးသမီးတစ်ဦးဦးဆောင်သည့်သမိုင်းဝင်မားကို့စ်အတိုက်အခံလှုပ်ရှားမှုကြီးစတင်ပါလီတော့သည်။သူမသည်အတိုက်အခံပြု၏။တောင်းဆိုမှုများပြုလုပ်၏။တောင်းဆိုသောအရာများအားလုံးကိုလည်းလက်ခံရဟိခသည်ဟုဆိုရပါချိမ့်မည်။သမ္မတရာထူးအတွက်အကွီနိုလှုပ်သျှားမှုစတင်သည့်ပထမတလခန့်အတွင်းမှာပင်သန်းနှင့်ချီသည့်ထောက်ခံလက်မှတ်တပြုံတခေါင်းကြီးကိုဖိလိပိုင်ပြည်သူများထံမှရဟိခလီသည်။ အကွီနိုလှုပ်သျှားမှုစတင်သည့်ပထမ၄၅ရက်အတွင်းမှာပင်သမ္မတမားကို့စ်ရို့ဖက်မှထိုးနှက်လှုံ့ဆော်သံတခု စတင်ထွက်လာသည်။ယင်းမှာ ***"အမျိုးသမီးတစ်ဦးအတွက်နေရာမှန်သည်အိပ်ခန်းထဲမှာဟိသည်"***ဟူသောဆောင်ပုဒ်ပင်တည်း။မကြာမတင်မီမှာပင်မားကို့စ်ရို့အုပ်စုသည်ရွီးကောက်ပွဲ၌မဲခိုးရန်စီစဉ်ကြိုးစားကတ်ပါလီသည်။ထောင်ပေါင်းများစွာသောဖိလိပိုင်ပြည်သူများသည်မနီလာလမ်းမကြီးများထက်သို့ရောက်ဟိလာကာမားကို့စ်အားသျှို့ချ၊ဆန္ဒပြကတ်ပါလီသည်။မားကို့စ်၏ခါးပိုက်ဆောင်အဓိကစစ်ရေးခေါင်းဆောင်နှစ်ဦးတော်လှန်ဖြုတ်ချခြင်းခံလိုက်ရ၏။ဖိလိပိုင်၏ဒီမိုခရေစီစံနစ်ကိုအရုပ်ဆိုးအကျည်းတန်စီခသည့်မားကို့စ်အားပြည်ပသို့ထွက်ခွါလားရန်ဖိလိပိုင်ပြည်သူများဖိအားပီးကတ်သည့်အလျှောက်တချိန်တည်းတွင်ပင်ကိုရာဇန်အကွီနိုသည် ဖိလိပိုင်နိုင်ငံ၏သမိုင်းဝင်အမျိုးသမီးသမ္မတဖြစ်လာခပါလီသည်။

အကွီနိုအနိန်ဖြင့်သမ္မတရာထူးကိုလက်ခံရဟိခသည်မှာသူမခင်ပွန်းသည်၏အသက်ပီးစွန့်လွှတ်အနစ်နာခံကာဖိလိပိုင်နိုင်ငံတွင်ဒီမိုခရေစီစံနစ်ပြန်လည်ရှင်သန်အမြစ်တွယ်ရန်ကြိုးပမ်းအားထုတ်မှုများ၏နောက်ဆက်တွဲရလဒ်ဖြစ်ကြောင်းသုံးသပ်ရှုမြင်ခလီသည်။လူသားတစ်ဦးအားဇာမဆိုလုပ်ပိုင်ခွင့်ပီးထားသည့်အထူးအခွင့်အရေးများကိုဖယ်သျှားနိူင်ရန်အတွက်အကွီနိုသည်နိုင်ငံတော်သမ္မတ၏လုပ်ပိုင်ခွင့်အာဏာကိုကန့်သတ်ထားနိူင်ရေးအချက်များပါဝင်စီလျှက်နိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပြန်လည်ရွီးဆွဲခလီသည်။

အကွီနို၏ခြောက်နှစ်ကြာသမ္မတသက်တမ်းတလျှောက်သည်ပန်းခင်းရေလမ်းမဟုတ်ခပါ။ခြောက်နှစ်တာကာလအတွင်းဝယ်စဉ်ဆက်မပြတ်သည့်စစ်ဘက်တော်လှန်ရေးများ(ခုနစ်ကြိမ်တိတိ)ဖြင့်ပြည့်နှက်နိန်ခပြီးထိုလှုပ်သျှားမှုများအတွက်လူပေါင်း၁၅၀ခန့်သီဆုံးခရလီသည်။ "ဒေနိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တခုလုံးရေအကျွန့်ခင်ပွန်းသည်၏ဂေါင်းထဲကိုပစ်သွင်းလိုက်တေဖိလိပိုင်စစ်သားတယောက်၏ကျည်ဆံကအစပြုခစွာပါ"ဟူသောစကားရပ်ကိုဖိလိပိုင်စစ်တက္ကသိုလ်သို့သမ္မတအဖြစ်လားရောက်လည်ပတ်စဉ်အတွင်းကိုရာဇန်မှ ပြောဆိုခလီသည်။

ကမ္ဘာ့အမျိုးသမီးခေါင်းဆောင်များစာအုပ်ကိုရွီးသားရန်အတွက်စာရွီးဆရာမ Laura A Liswood နှင့်တွိဆုံမိန်းမြန်းခန်းတခုပြုလုပ်ရာတွင် အကွီနိုက"အကျွန်ပထမဦးဆုံးတွိကြုံရရေအခက်အခဲကတော့ကေစစ်ဖက်ဆိုင်ရာတိနန့်ဆက်ဆံရေးပါ။အမျိုးသမီးတယောက်ကိုကာကွယ်ရေးဦးစီးချုပ်အဖြစ်လက်ခံဖို့ကိစ္စစွာထိပ်တန်းစစ်ဂေါင်းဆောင်တိအတွက်ကကောင်းခဲယဥ်းနိန်စွာကိုတွိရပါရေ။သျှင်းသျှင်းပြောရဖို့ဆိုကေကာကွယ်ရေးဦးစီးချုပ်တာဝန်ကိုထမ်းဆောင်ရစွာမှာအခက်အခဲတိအများကြီးဟိနိန်ခပါရေ။စစ်ဖက်ဖွဲ့စည်းပုံအချို့ကိုပြန်ဖွဲ့ရစွာမျိုးတိ၊အလတ်တန်းစစ်ဂေါင်းဆောင်တိကိုရွီးချယ်ခန့်အပ်ရစွာမျိုးတိပိုင်ပါ။ဗိုလ်မှူးကြီးရာထူးအတွက်ရွီးချယ်ခန့်အပ်မှုတိပြုလုပ်စွာမှာအခက်အခဲတိအပြင်သတိလည်းထားရပါရေ။ဇာဖြစ်လို့လဲဆိုကေယင်းဗိုလ်မှူးကြီးတိစွာနောင်တချိန်မှာဗိုလ်ချုပ်၊ဗိုလ်ချုပ်ကြီးတိဖြစ်လာကတ်ဖို့ဖြစ်လို့ပါ။အကျွန်သမ္မတမဖြစ်ခင်ကစစ်တပ်ထဲမှာယင်းပိုင်မျိုးကိစ္စတိစွာပုဂ္ဂိုလ်စွဲပုံစံနန့်လုပ်နိန်ခကတ်စွာပါ။ပွင့်ပွင့်လင်းလင်းပြောရဖို့ဆိုကေယင်းပိုင်အခြေအနေမျိုးတိကြောင့်ပင်လျှင်အချို့စစ်အရာဟိတိစွာရာထူးနန့်ထိုက်တန်ရေအရည်အချင်းတိဟိမနိန်စွာမျိုးတိကိုတွိပါရေ"ဟုစစ်ဖက်နှင့်ပါက်သက်၍တွိကြုံရသည့်သူမ၏အတွိအကြုံကိုပြောပြခလီသည်။

အကွီနိုသည်သူမ၏သမ္မတသက်တမ်းတလျှောက်၌ရာထူးကြီးနေရာများတွင်အမျိုးသမီးများစွာကိုခန့်အပ်ထားခလီသည်။အစိုးရဌါနကြီးများ၏အကြီးအကဲများအဖြစ်အမျိုးသမီးများကိုခန့်အပ်ခြင်း၊အဖွဲ့ဝင်၁၅ဦးပါဝင်သောနိုင်ငံတော်တရားသူကြီးများအဖွဲ့တွင်အမျိုးသမီး၃ဦးကိုထည့်သွင်းပါဝင်စီခြင်းကဲသို့သောလုပ်ဆောင်ချက်များဖြင့်နိုင်ငံအတွင်းအမျိုးသမီးရို့၏ဦးဆောင်မှုအခန်းကဏ္ဍကိုမြှင့်တင်ပီးခလီသည်။

သူမ၏သမ္မတသက်တမ်းနောက်ဆုံးနှစ်များအတွင်းတွင်အကွီနိုသည်အစိုးရမဟုတ်သောအဖွဲ့အစည်း(Non Government Organization) များနှင့်၄င်းတို့၏လုပ်ငန်းဆောင်တာများအပေါ်၌အထူးအလေးထားကာဆောင်ရွက်ခပါ၏။ NGOလုပ်ငန်းများသည်သူမ၏သမ္မတရာထူးမှအနားယူပြီးနောက်ဆက်လက်လုပ်ဆောင်မည့်လုပ်ငန်းရပ်များအဖြစ်လည်းခံယူထားဟိခပါသည်။စာနယ်ဇင်းသမားတဦးနှင့်တွိဆုံရာ၌အကွီနိုက"အစိုးရ


**(စာမျက်နှာ ၁၄ သို့)**

# ကမ္ဘာ့ ဝေါင်း ဆောင် များ ကဏ္ဍ

*မတ်လ (၈)ရက်နေ့တွင်ကျ ရောက်သည့်အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကိုဂုဏ်ပြုသောအားဖြင့် အာရှတိုက်၏ပထမဦးဆုံး အမျိုးသမီး သမ္မတ ဖြစ်ခဲ့သူ ဖိလိပိုင်အမျိုးသမီးသမ္မတ ကိုရာဇန်အကွီနို၏ ဘဝအကြောင်းကိုရှီးသားတင်ဆက်လိုက်ပါသည်။ ရခိုင်အမျိုးသမီးများလည်း ဦးဆောင်မှုအခန်းကဏ္ဍများတွင်ပါဝင်လာနိုင်ကတ်ပါစီ။*

# ဖိလိပိုင်အမျိုးသမီးသမ္မတ ကိုရာဇန်အကွီနို




ဖိလိပိုင်နိုင်ငံ၏အမျိုးသမီးသမ္မတအဖြစ်၁၉၈၆ခုနှစ်မှ၁၉၉၂ခုနှစ်အထိတာဝန်ထမ်းဆောင်ခဲ့သည့် **ကိုရာဇန်ကိုဂျူယန်ကိုအကွီနို(Corazon Cojuangco Aquino)**ကို၁၉၃၃ခုနှစ်၊ဂျန်နျူဝါရီလ၂၅ရက်နိတွင် ဖိလိပိုင်နိုင်ငံ၊တာလေ့စ်ခရိုင်၊လူဇန်မြို့၌မွီးဖွါးခသည်။အကွီနိုရို့မိသားစုသည်နိုင်ငံရေးအစဉ်အလာကောင်းဟိသောမိသားစုဖြစ်သည်။သူမ၏အဖိုးနှစ်ဦးစလုံးသည်ဖိလိပိုင်အထက်လွှတ်တော်အမတ်များဖြစ်ကတ်ပြီး အဖမှာအောက်လွှတ်တော်အမတ်ဖြစ်ရာ အကွီနိုရို့မိသားစုသည်ဖိလိပိုင်နိုင်ငံ၏ဩဇာတက္ကိမဟိသောအထက်တန်းလွှာလက်ရှီးစင်မိသားစု ၅၀မှ၆၀စာရင်းတွင်အပါအဝင်ဖြစ်ပေသည်။

ရိုမန်ကတ်သလိဘာသာဝင်ဖြစ်သူကိုရာဇန်အကွီနိုသည်ကတ်သလစ်အသင်းတော်၏ကူညီထောက်ပံ့မှုဖြင့်ဖွင့်လှစ်ထားသည့်ဖိလိပိုင်နှင့်အမေရိကန်နိုင်ငံများမှကျောင်းများတွင်ပညာသင်ကြားခလီသည်။အကွီနိုသည်အမေရိကန်နိုင်ငံနယူးယော့မြို့သို့ မောင့်စိန့်ဗန်းဆင့်ကောလိပ်မှဘွဲ့ရပြီးနောက်ဖိလိပိုင်နိုင်ငံအရှိဖျားတက္ကသိုလ်၌ဥပဒေပညာရပ်များကိုလေ့လာခလီသည်။သူမ၏ပထမနှစ်ဥပဒေပညာသင်ကြားမှုအပြီး၁၉၅၄ခုနှစ်တွင်ကိုရာဇန်သည်သူမဘဝ၏ဘဝတာအတွက်လွန်စွာအရေးပါလှသည့်သမိုင်းဝင်ဆုံးဖြတ်ချက်တခုကိုချမှတ်လုပ်ဆောင်ခလီသည်။ ၄င်းမှာကျောင်းမှထွက်လိုက်ပြီး အောင်မြင်ကျော်ကြားစပြုနိန်သူလည်းဖြစ်၊နောက်မကြာမီမှာပင်စာနယ်ဇင်းလောကမှနိုင်ငံရေးလောကသို့ကူးပြောင်းလာကာဖိလစ်ပိုင်နိုင်ငံ၏အာဇာနည်များထဲတွင်တစ်ဦးအပါအဝင်ဖြစ်လာမည့်တက်သစ်စ စာနယ်ဇင်းသမား**ဘနီနိုအကွီနိုဂျူနီယာ(Benigno Aquino, Jr.)**နှင့်လက်ထပ်လိုက်ခြင်းပင်ဖြစ်လီသည်။

အမှန်မှာများစွာသောကြံ့စိုက်ခင်းကြီးများပိုင်ဆိုင်ကာစိုက်ပျိုးရေးလုပ်ငန်းဖြင့်ချမ်းသာကြွယ်ဝလှသည့်ဘနီနိုရို့မိသားစုသည်လည်းကိုရာဇန်ရို့မိသားစုပိုင်ပင်နိုင်ငံ၏ထိပ်တန်းလက်ရှီးစင်မိသားစုစာရင်းဝင်သူများဖြစ်ကတ်ပါသည်။ သို့ရာတွင်၁၉၆၈ခုနှစ်ထုတ်နိုင်ငံခြားရေးရာမဂ္ဂဇိန်း၌ဘနီနိုရှီးသားလိုက်သည့်**“လက်တဆုတ်စာအလျှံပါယ်ကြွယ်ဝသူများနှင့်ကျန်တနိုင်ငံလုံးကုန်းကောက်စရာမဟိသည့်မွဲပြာကျများဖြင့်ပြည့်နှက်နိန်သည့်အနိုင်ငံ”**ဆောင်းပါးဖြင့်သူ၏အမိနိုင်ငံအရေးအရာများအပေါ်လွန်စွာစိတ်ဝင်စားမှုဟိခြင်း၊မိမိရို့မိသားစုကိုကျိုတက်ချမ်းသာသော်လည်းဆင်းရဲသူလူများစဖက်မှရပ်တည်လိုစိတ်ဟိခြင်းနှင့်နိုင်ငံ့အရေးအရာများ၌ပါဝင်ပါက်သက်လိုသည့်ပြင်းပြသောဆန္ဒဟိခြင်းရို့ကိုပြသလိုက်ခြင်းပင်ဖြစ်လီသည်။၁၉၆၅ခုနှစ်တွင်**ဖါဒီနန်မားကို့စ်(Ferdinand Marcos)**အာဏာရလာပြီး၁၉၇၂ခုနှစ်တွင်စစ်အုပ်ချုပ်ရေးအမိန့်ကိုထုတ်ပြန်ပြီးနောက်ဝယ် နိုင်ငံရေးတက်ကြွလှုပ်သျှားသူလည်းဖြစ်၊ ဖိလိပိုင်လွှတ်တော်အမတ်တဦးလည်းဖြစ်သူနီနွိုင်အကွီနိုအားထောင်ဒဏ်၇နှစ်အပြစ်ပီးလိုက်လီသည်။

သူမ၏အမျိုးသားဖြစ်သူထောင်သွင်းအကျဉ်းကျခံနိန်ရသည့်ကာလအားကိုရာဇန်အကွီနို၏ဘဝတသက်တာအတွက်**‘အကျပ်အတည်းများကြားထဲမှအရေးပါသောကာလ’**ဟုသတ်မှတ်ပြောဆိုကတ်ပါသည်။ခင်ပွန်းသည်ထောင်နန်းစံနိန်သောကာလတလျှောက်၌အကွီနိုသည်အမိလည်းသူ၊အဖလည်းသူအဖြစ်ဖြင့်သားသမီးငါးယောက်အားပြုစုစောင့်သျှောက်ကာမိသားစုတခုလုံး၏တာဝန်ကိုဒိုင်ခံထမ်းဆောင်ရလီသည်။ထို့အပြင်နိုင်ငံရေးခံယူချက်ခိုင်ကျည်လှသည့်နီနွိုင်အနိန်ဖြင့်ထောင်နံရံများအတွင်းမှနိန်၍သူ၏နိုင်ငံရေးလှုပ်သျှားမှုများကိုဆက်လက်လုပ်ဆောင်နိန်ခရာအကွီနိုသည်ပြင်ပကမ္ဘာနှင့်နီနွိုင်ကြားထဲတွင်ကူးပြောင်းဆက်သွယ်ပီးသောတန်းထားသဖွယ်ဆောင်ရွက်ပီးရသူဖြစ်လာခလီသည်။ယင်းသို့ဖြင့်နီနွိုင်၏နိုင်ငံရေးဆိုင်ရာ၊အယူအဆပိုင်းဆိုင်ရာများနှင့်ဖိလိပိုင်နိုင်ငံရေးရာများ၊အမျိုးသားရေးရာများကိုအကွီနိုသည်အပါတ်စဉ်လေ့လာခွင့်ရဟိခလီသည်။ထိုသို့ထောင်ကျနိန်စဉ်တွင်ပင်နီနွိုင်၏ကျန်းမာရေးအခြေအနေယိုယွင်းဆုတ်ယုတ်လာမှုကြောင့်နီနွိုင်အားအမေရိကန်နိုင်ငံသို့လားရောက်ကာဆီးကုသမှုခံယူရန်မားကို့စ်အစိုးရကခွင့်ပြုလိုက်သည်။အမှန်မှာနိုင်ငံ့ဝေါင်းဆောင်ဖြစ်လာရန်အလားအလာဟိသူတဦးကိုပြည်ပသို့ပုတ်ထုတ်လိုက်ခြင်းပင်ဖြစ်သည်။ယင်းသို့ဖြင့်အကွီနိုရို့မိသားစုသည်အမေရိကန်နိုင်ငံ၊မတ်ဆာချူးဆက်ပြည်နယ်၊နယူးတန်မြို့၌နိန်ထိုင်ကာ၁၉၈၀မှ၁၉၈၃ခုနှစ်ထိကာလများအတွင်းဟားဗာ့နှင့်မက်ဆာချူးဆက်စက်မှုတက္ကသိုလ်ရို့တွင်သုတေသနပြုလုပ်ငန်းများကိုဆောင်ရွက်နိန်ခကတ်လီသည်။ယင်းသျှောင်နိန်ထိုင်နိန်ယက်ပင်း၁၉၈၄ခုနှစ်တွင်ဖိလိပိုင်နိုင်ငံ၌ရှီးကောက်ပွဲသစ်ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်းမားကို့စ်အစိုးရမှကြော်ငြာလိုက်ရာဘနီနိုအကွီနိုသည်ဖိလစ်ပိုင်နိုင်ငံသို့ပြန်လားရန်ဆုံးဖြတ်လိုက်သည်။ကြီးမားသောမျှော်လင့်ချက်များကိုရင်ထဲတွင်ပွိုဲ့ပိုက်လာခသည့်ပြည်တော်ပြန်ဘနီနို →





## မာ့ချ်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၆– ဘရာဇီးနှင့်တောင်အာဖရိကနိုင်ငံရို့သည်ကမ္ဘာပေါ်တွင်ဩဇာတက္ကိမအထိုက်အလျှောက်ဟိသောနိုင်ငံများဖြစ်လာကြောင်းဘီဘီစီမှပြုလုပ်သောစစ်တမ်းတရပ်တွင်ဖေါ်ပြသည်။

၆– လိဗျားနိုင်ငံတွင်ဂဒါဖီသစ္စာခံတပ်ဖွဲ့များနှင့်ဂဒါဖီဆန့်ကျင်သူပြောက်ကျားများဆက်လိုက်တိုက်ခိုက်နိန်ကတ်တုန်းဖြစ်သည်။

၇– အာဖဂန်မြို့တော်ကာဘူးလ်သို့ရောက်နိန်သည့်အမေရိကန်ကာကွယ်ရေးဝန်ကြီးရော်ဘာ့ဂိတ်ကအမေရိကန်ရို့အနိန်ဖြင့်ဂျူလိုင်လတွင်စစ်တပ်ရုပ်သိမ်းမှုများစတင်ပြုလုပ်ရန်ကောင်းမွန်သည့်အခြေအနေတွင်ဟိကြောင်းပြောဆိုလိုက်သည်။

၇– ဩစတြေးလျားဝန်ကြီးချုပ်ဂျူလီယာဂီးလေ့သည်သမ္မတအိုဘားမားနှင့်အနေတွင်အိမ်ဖြူတော်၌တွိဆုံကတ်သည်။


၉–တိဘက်ဘာသာသာရေးနှင့်နိုင်ငံရေးဝေါင်းဆောင်ဒလိုင်းလားမားသည်သူ၏နိုင်ငံရေးဆိုင်ရာတာဝန်ဝတ္တရားများအားအသစ်ရှီးကောက်တင်မြှောက်ခံသူမျိုးဆက်သစ်များ၏လက်ဝယ်သို့လွှဲပြောင်းလားမည်ဖြစ်ကြောင်း ၁၉၅၉ ခုနှစ်တိဘက်အရေးတော်ပုံနှစ်ပတ်လည်မိန့်ခွန်းတွင်ပြောကြားလိုက်သည်။

၁၀– လိဗျားနိုင်ငံအားစီးပွါးရေးဒဏ်ခတ်ပိတ်ဆို့မှုများတိုးမြှင့်လုပ်ဆောင်လားရန်ဥရောပသမဂ္ဂတွင်သဖေါတူညီမှုများရဟိလားဗျာယ်ဖြစ်သည်။

၁၀– ဖေ့စ်ဘုတ်သုံးစွဲသူများအနိန်ဖြင့်အွန်လိုင်းပေါ်၌အကယ်၍မတော်မတရားတစုံတရာပြုကျင့်ခံရသည်ဟုယုံကြည်ဖြစ်ပါကပုလိပ်(သို့မဟုတ်)သက်ဆိုင်ရာဖေ့စ်ဘုတ်အာဏာပိုင်များသို့တိုင်ကြားနိုင်ကြောင်းသတင်းထုတ်ပြန်သည်။

၁၁– မတည်ငြိမ်မှုများကြီးထွါးလာနိန်သည့်အိုင်ဗရီကို့စ်နိုင်ငံမှနိုင်ငံသားလေးသိန်းခွဲနီးပါးထွက်ပြီးတိမ်းသျှောင်လားဗျာယ်ဖြစ်ကြောင်းစောင့်ကြည့်သတင်းများကဆိုသည်။

# သင်္ချာလက္ခဏာများ၏သမိုင်း



သက္ကရာဇ်၁၅၀၀နှစ်များမတိုင်မီကမ္ဘာ့သင်္ချာလောက၌ဟိန္ဒူနှင့်အာရေဗျအက္ခရာနံပါတ်များအသုံးတွင်နိန်ခသော်လည်းသင်္ချာအမှတ်အသားများသည်သျှင်းလင်းပြတ်သားမှုမဟိပဲနားလည်ရန်လွယ်ကူမှုမဟိကြောင်းတွိရပါသည်။

ဘဇာကြောင့်ဆိုသော်အနေခေတ်အကျွန်ရို့သုံးစွဲနိန်သည့်သင်္ချာအမှတ်အသားများမှာထိုအချိန်ကမပေါ်ပေါက်သိ၍ဖြစ်ပါသည်။အပေါင်း (+) နှင့် အနှုတ် (–) သင်္ချာလက္ခဏာများကို၁၄၈၉ခုနှစ်တွင်ဂျာမန်ရို့၏လက်စွဲသင်္ချာစာအုပ်များတွင်စတင်တွိဟိရသည်ဟုဆိုပါသည်။ထိုအပေါင်းနှင့်အနှုတ်သင်္ချာလက္ခဏာများကိုဂျာမန်ကုန်သည်များမှတ်ယူသုံးစွဲရာမှာကမ္ဘာအနှံ့ပြန့်နှံ့လားသည်ဟုဆိုပါသည်။ ဂျာမန်ကုန်သည်များသုံးစွဲပုံမှာဥပမာအားဖြင့်အထုတ်တထုတ်ထဲတွင်များစွာသောပစ္စည်းများပါဝင်နိန်လျှင်အဆိုပါအထုတ်ပေါ်၌(+)လက္ခဏာကိုရှီးမှတ်ထားပြီးပစ္စည်းအနည်းချေသာပါဝင်သောအထုတ်များပေါ်တွင်မူ(–)လက္ခဏာကိုရှီးမှတ်ထားလေ့ဟိခြင်းပင်ဖြစ်သည်။

ညီမျှခြင်း(=)လက္ခဏာကိုမူအင်္ဂလိပ်သင်္ချာပညာသျှင်ရော်ဘာ့ရီကော်ဒီ(Robert Recorde)မှ ၁၅၅၇ ခုနှစ်တွင်လည်းကောင်း၊အမြှောက်(×)လက္ခဏာကိုနောက်အင်္ဂလိပ်သင်္ချာပညာသျှင်တဦးဖြစ်သည့်ဝီလီယံအော့ထရက်(William Oughtred) မှ ၁၆၃၁ခုနှစ်တွင်လည်းကောင်းအသီးသီးတီထွင်ခကတ်ပါသည်။ အစား(÷)လက္ခဏာကိုမူ၁၆၅၉တွင်မှစာအုပ်စတင်ထုတ်ဝီဖြစ်ခသည့်ဂျာမန်သင်္ချာပညာသျှင်တဦးဖြစ်သူဂျိုဟန်ဟိန်းနရိချ်ရန်း(Johann Heinrich Rahn)မှတီထွင်ခခြင်းဖြစ်ပြီးသင်္ချာအက္ခရာသုံည(၀)ကိုအိန္ဒိယသင်္ချာပညာသျှင်များကတီထွင်ခခြင်းဖြစ်ပါသည်။ *(The New Book of Knowledge—M / 2005)*

“များလှမျှောက်ပြန်
သောသောညံ့ယောင်
လာပြန်တုံကြ
ပစ ကျယ်ကေ
ဟယ်ယက္ခဟု
ဆိတ်ဆွဖွဲ့ငင်
နှိပ်စက်ချင်သော်”

*“ဣတ္ထိယကေ*
*မိန်းမ ဓမ္မတာ*
*ကိလေသာကို*
*နှီးဆော်ဆိတ်ဆွ*
*ဆားကိုမြင်ကေ*
*စားချင်တုံကြ*
*အလုံးကြီးကေ*
*ချိုင်သီးပြသို့”*

“ကာယဝိညတ်
အရပ်ရပ်ဖြင့်
ခါတ်သဘာဝ
ထိခိုက်ကြွအောင်
ဆိတ်ဆွပြောဆို
ရသေ့ကျော်ကို
တဏှာခါတ်ဖြင့်
စပ်ယှက်လို၍”

*“ဆိတ်ချင်ဆွချင်*
*မောင့်ရင်ခွင်ကို*
*တိုးလို့ဝင်ရေ”*





## လမ်းမှိန်နိန်ရေ အဘုချေ

“အသူကကေ လှုပါရေ
အဘုချေကကေ သျှိန်ဒိုင်းလှုပါရေ”
အဘုစိတ်ကေ၊ အငယ်ချေဘဝ
နားထောင်လို့မဝခ ရေ
အီးယောင်၏ကဗျာသီခြင်းတိလေ ။
“ဘဝခရီးကြမ်း
သျှောက်လှမ်းရေကာလမှာ
ခလုတ်မထိ၊ဆူးမငြိပါစီကေ့”လှုတ်။
အီးယောင်၏ဆုပီးစကား
နားထဲမှာအထပ်ထပ်
ကြားယောင်မိတတ်နိန်ပါယင့်။
ယေကေလည်းအီးယောင်
အေဂုနိန်ခါ၊ ဘုချေမှာကား
ပူပူခါးခါး၊
ယမကာခွက်ဖလားတိကိုလည်း
တကျိုက်ကျိုက်မျို့ချ။
မဲမဲ ဖြူဖြူ၊
အလှုသရုပ်တိနန့်လည်း
တအိအိပျော်ပါး။
အီးယောင်မှာရေစကားတိကို
မကြားတချက်၊ ကြားတချက်နန့်
ဘဝသံသရာ၊ ဝဋ်ပါထဲမှာ
လမ်းသျှောက်ပနာ လမ်းပျောက်
လမ်းသိနိန်ယင့်သားနန့် လမ်းမှိ
အိမ်ပြန်ဖို့ခက်နိန်ပါရေအီးယောင်။

ဝံသာနု

## မာ့ချ်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၁– လိဗျားမှဂဒါဖီအားရာထူးမှနှုတ်ထွက်လားရန်ဥရောပသမဂ္ဂခေါင်းဆောင်များကတောင်းဆိုလိုက်သည်။

၁၂– ဂျပန်နိုင်ငံ၏ငလျှင်ဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှုများကိုကယ်တင်၊ပျင်ဆင်ရန်အတွက်စစ်သားနှင့်အရပ်သားလူပေါင်းငါးသောင်းကျော်ပါဝင်သောတပ်ဖွဲ့ဖြင့်ကယ်ဆယ်ရေးလုပ်ငန်းများကိုစတင်နိန်ဗျာယ်ဖြစ်သည်။

၁၂– အာရပ်နိုင်ငံများအဖွဲ့ချုပ်သည်လိဗျားတွင်လီယဉ်မပျံသန်းရဇုန်သတ်မှတ်ရေးအားထောက်ခံသဖေါ်တူသည်။

၁၃– လွန်ခသည့်ဆယ်နှစ်ခန့်ကတာလီဘန်ရှို့၏ဖျက်ဆီးခံဗုဒ္ဓရုပ်ပွါးတော်ကြီးတည်ဟိရာဘာမီယန်ခရိုင်သည်ကမ္ဘာလှည့်နှင်းလျှောစီးသမား၊ကမ္ဘာလှည့်ခရီးသည်များနှင့်စည်ကားလာဖွယ်ဟိကြောင်းဖြင့်သတင်းများတွင်ဖေါ်ပြသည်။

၁၃– မလေးသျှားနိုင်ငံမှလီချောင်းဝေ(Lee Chong Wei)သည်တရုတ်မှလိန်းဒန်(Lin Dan) ကိုဖိုင်နယ်တွင်အနိုင်ရကာအိန်ဂလန်စားပွဲတင်ထန်းနိစ်ဖလားကိုဆွတ်ခူးရဟိလားသည်။

၁၄– လိဗျား၌ဂဒါဖီ၏စစ်တပ်နှင့်သူပုန်များကြားတွင်တိုက်ပွဲများဆက်လက်ဖြစ်ပွါးနိန်ပြီးဂဒါဖီ၏စစ်တပ်သည်လီကြောင်းမှဗုံးကြဲတိုက်ခိုက်သည်ဟုဆိုသည်။

၁၄– လိဗျားတွင်“လီယဉ်မပျံသန်းရေးဇုန်”သတ်မှတ်ရေးသည်ဖြစ်လာနှိုင်ဖွယ်အခြေအနေများစွာဟိကြောင်းဗြိတိန်ဝန်ကြီးချုပ်ကိမ်မရွန်းကပြောဆိုလိုက်သည်။

၁၄– ဂျပန်နိုင်ငံတော်ဘဏ်သည်၄င်း၏ငွီကြီးတည်ငြိမ်မှုရဟိရန်အတွက်အမေရိကန်ဒေါ်လာ၁၈၃ဘီလီယံကိုအင်အားဖြည့်တင်းထားလိုက်သည်။

၁၅– ဂျပန်နိုင်ငံတွင်ငလျှင်ဒဏ်ကြောင့်ပျက်စီးလားသောနျူကလီးယားဓါတ်ပေါင်းဖိုမှဓါတ်ရောင်ခြည်များဖြာထွက်မှုသည်ကျန်းမာရေးထိခိုက်မှုကိုဖြစ်ပွါးစီနှိုင်ကြောင်းသတင်းများတွင်ဖေါ်ပြသည်။

၁၅– တိဘက်ဘာသာရေးနှင့်နိုင်ငံရေးခေါင်းဆောင်ဒလိုင်းလားမား၏အနားယူရန်ပြောဆိုမှုအပေါ်တိဘက်လွှတ်တော်အမတ်များကဆန့်ကျင်ကတ်သည်။

## မြီထဲပင်လယ် (Mediterranean Sea)




မြီထဲပင်လယ်သည်ကမ္ဘာ့ကုန်းမြီအတွင်းဖက်တွင် ကျရောက်တည်ဟိသည့်ပင်လယ်များအနက်အကြီးဆုံးဖြစ်ပါသည်။ “မြီထဲပင်လယ်”ဟူသောဝေါဟာရသည်လက်တိန်(Latin)ဘာသာမှဆင်းသက်လာပြီး “ကုန်းမြီများ၏အလယ်၌” (in the midst of lands)ဟုအဓိပ္ပါယ်ရပါသည်။မြီထဲပင်လယ်သည်ကမ္ဘာ့တိုက်ကြီး ၃ ခုနှင့်ဆက်စပ်တည်ဟိနိန်ပြီးမြောက်ဖက်တွင်ဥရောပတိုက်၊တောင်ဖက်တွင်အာဖရိကတိုက်နှင့်အရှိဖက်တွင်အာသျှတိုက်ရှို့ဖြစ်ကတ်ပါသည်။ အတ္တလန်တိတ်သမုဒ္ဒရာနှင့်ဆက်စပ်လားသည့်ဂျီဘရော်လ်တာ ရီလက်ကြား(Strait of Gibraltar)မှသည်အာသျှတိုက်၏အနောက်ပိုင်းကုန်းမြီများအထိကျယ်ပြန့်သောရီပြင်ဟိသည့်ပင်လယ်ဖြစ်ပါသည်။ကမ္ဘာ့ပထဝီပညာသျှင်များ၏အယူအဆအတိုင်းပင်လယ်မဲ(Black Sea)ကိုမြီထဲပင်လယ်၏အစိတ်အပိုင်းတခုအဖြစ်မှတ်ယူပါကမြီထဲပင်လယ်၏ရေိယာအကျယ်အဝန်းမှာစတုရန်းမိုင်ပေါင်း၉၆၉၁၀၀(၂၅၁၀၀၀၀စတုရန်းခီလိုမီတာ)ဟိပြီး ဆူးအက်တူးမြောင်းကိုဖြတ်လျှက်ပင်လယ်နီ(Red Sea)နှင့်ဆက်သွယ်လားသည်။မြီထဲပင်လယ်ထဲတွင်ကျွန်းကြီးများတည်ဟိပြီးယင်းရှို့အထဲတွင်အီတလီပိုင်စစ္စလီ(Sicily)နှင့်ဆာဒီနီးယား(Sardinia)ကျွန်းများ၊ပြင်သစ်ပိုင်ကော်စီကာ(Corsica)ကျွန်းများ၊ဂရိပိုင် ခရိုက်(Crete)ကျွန်းများ၊စပိန်ပိုင်ဘလဲရိ(Balearic)ကျွန်းများနှင့်ဆိုက်ပရပ်စ်(Cyprus)ကျွန်းနိုင်ငံရှို့ပါဝင်ပါသည်။မြီထဲပင်လယ်ထဲသို့စီးဝင်သည့်အဓိကမြစ်ကြီးများအနက်အချို့မှာစပိန်နိုင်ငံ၏ပင်မမြစ်ကြီးတစင်းဖြစ်သည့်အယ်ဘရို(Ebro)မြစ်၊ဆွီဇာလန်နှင့်ပြင်သစ်ကိုဖြတ်သန်းစီးဆင်းသည့်ရိုနီ(Rhone)မြစ်၊အီတလီ၏အရှည်ဆုံးမြစ်များဖြစ်သည်ပို(Po)၊ထိဘာ(Tiber)နှင့်ကမ္ဘာ့အရှည်ဆုံးနိုင်း (Nile) မြစ်ရှို့ဖြစ်ကတ်ပါသည်။ *(The New Book of Knowledge—M / 2005)*







## ပြုံးပြုံးရယ်ရယ် အသက်ရှည်



### ဆရာကြီး

ငှက်အရောင်းဆိုင်ထဲသို့ လူတယောက်ဝင်ပါလတ်သည်။

“ဒေကျီးချေဇာလောက်ပါလေမသိ”

“နှစ်ရာ၊ ဒေအကောင် ဘာသာစကား နှစ်မျိုးပြောဖို့တတ်ပါရေ”

“အော် ဟုတ်လာ၊ ဒေဖက်ကအကောင်ဝါ ယေဂေ”

“သုံးရာပါ၊ ယင်းအကောင်က ဘာသာစကား သုံးမျိုးပြောဖို့တတ်ပါရေ”

“အူး ကကောင်းတော်ရေမလားယေ၊ တတိယအကောင်ဝါယေဂေ”

“ယင်းအကောင်ဆိုကေ လေးရာပီးရပါဖို့၊ သူက လေးဘာသာပြောဖို့တတ်ပါရေ”

နောက်ဆုံးခြိုင့်ထဲက ကျီးအတွက် ဈီးနှုန်း ဒေါ်လာ ၅၀၀ ဖြစ်ကြောင်း စာကပ်ထားစွာကို တွိလိုက်ရသည်။

“အာ – – ဒေအကောင်က ဒေါ်လာငါးရာဘင်ဝါ၊ ငါးဘာသာ၊ခြောက်ဘာသာတတ်တေထင်ရေ”

“ယင်းအကောင် ရောက်လာရေနိကပင် လီလည်းမချွန်၊ စကားလဲ့တခွန်းလည်းမပြောပါသိ၊ စားရေ၊ အိပ်တေ၊ စားရေ၊ အိပ်တေ၊ ဇာပိုင်လဲတော့မသိပါ၊ ယေဂေလည်း ဒေကျန်ရေဘာသာအမျိုးမျိုးတတ်တေ အကောင်တိအားလုံးက သူ့ကို ***‘ဆရာကြီး’*** လို့နိစိုဥ်ခေါ်ကတ်ပါရေ၊ ယေဇူးနန့်သူ့တန်ဖိုးဒေါ်လာ၅၀၀ပါ”

• • • • • • • •

### လက်သာဆိုင်

“ အကို ဆံပင်ဇာပိုင် ကိုက်ပီးရပါဖို့လဲ ”

“ စကားမပြောဘဲ တတိန်းချေ ကိုက်ပီးပါ ”

• • • • • • • •

### စစ်တွေမှာတောင်အများကြီး

“မောင်စံရွှေ ကမ္ဘာမှာ တိုက် ဇာ နှစ်တိုက် ဟိလေ”

“အာ –– ဇာ သိပါဖို့လဲ ဆရာမ၊ အကျွန်ရှို့ စစ်တွေမြို့မှာတောင်တိုက်တိအများကြီး”

• • • • • • • •

### အတူတူစီးကတ်စွာရာမနား

ကျွန်းရွာက မောင်လှစိန် မြို့သို့လည်ဖို့ရောက်ပါလတ်သည်။ မြို့မှာ တက္ကစီ ငှါးစီးသည်။ လားချင်ရေနေရာသို့ရောက်တေခါ ကားခဇာလောက်လဲလို့ တက္ကစီ ဒရိုင်ဘာကိုမိန်းသည်။ ဒရိုင်ဘာ က ၂၀၀ကျပ်ကျ ကြောင်းပြောသည်။ မောင်လှစိန်က ၁၀၀ ကျပ်ထုတ်ပီးသည်။


“အကိုး ၂၀၀ ကျရေ၊ ၁၀၀ နန့် မရ”

“အကိုး – ကျွန်းက ဆိုပြီးဂေ ယင်းပိုင်တော့မတော်မတရား မလုပ်ကေ့၊ အကိုလည်း ဒေကားကိုစီးလာရေဂါ ယေဂေ၊ တဝက်ရာပီးနိုင်ဖို့ ကိုး”

▬ ▬ ▬ ▬ ▬ ▬

### ကလောင်သွေးကတ်ပါ

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ် သို့ စာမူများပီးပို့နှိုင်ကတ်ပြီး
စာစောင်တွင်ပုံနှိပ်ဖေါ် ပြရန် ရွီးချယ်ခံရပါက အဆိုပါစာမူ
ပီးပို့သူတိုင်းအား ‘နိုင်ငံတကာရေးရာသတင်းစဉ်’
တစောင်စီကို အသိအမှတ်ပြုလက်ဆောင်အဖြစ်
(အမေရိကန်ပြည်ထောင်စုအတွင်းတွင်)
အလကားပီးပို့လားမည် ဖြစ်ပါသည်။
အမေရိကန်ပြည်ထောင်စုပြင်ပမှဆိုပါက E-Mail မှတဆင့်
ပီးပို့လားမည်ဖြစ်ပါသည်။ကျေးဇူးတင်ပါသည်။



‘သုတ’ နန့် ‘ရသ’ ရှို့ကိုလည်းကောင်း
‘သတ္တိ’ နန့် ‘ခွန်အား’ ရှို့ကိုလည်းကောင်း
‘မဓုရတာ’ နန့် ‘ပညာ’ ရှို့ကိုလည်းကောင်း
ပီးစွမ်းနှိုင်သောစာများဖြင့်
လူ့အဖွဲ့အစည်းကိုအလှုဆင် တင့်တယ်စီအံ့။ ။

*(ကိုရာဇန်အကွီနို မှ)*

တရပ်တည်းကနိုင်ငံ့ကိစ္စအဝဝကိုပြီးပြတ်အောင်မဆောင်ရွက်နိုင်ပါ၊ယေဇူးနန့်အစိုးရမဟုတ်တေအဖွဲ့အစည်းတိ၏လုပ်ငန်းဆောင်တာတိမှာပါဝင်ပါက်သက်လုပ်ဆောင်လားဖို့အကျွန်ဆုံးဖြတ်စွာပါ"ဟုပြောဆိုခပါသည်။

အကွီနိုသည်ထိုင်းမ်(Time)မဂ္ဂဇိန်း၏ ၁၉၈၆ခုနှစ်အတွက်၊ယင်းနှစ်အတွင်းအသိအမှတ်ပြုအများဆုံးခံရသောကမ္ဘာ့အမျိုးသမီး (Woman of the Year)အဖြစ်ရွီးချယ်ခြင်းခံခရလီသည်။ သူမ၏သမ္မတသက်တမ်းအပြီးတွင်လည်းအကွီနိုသည်ဆုတံဆိပ်ပေါင်းများစွာကိုဆွတ်ခူးရဟိခပါ၏။ဂဲလ်မေယာရိုလ်ကာ(Gail Meyer Rolka)ရွီးသားပြီး၁၉၉၄ခုနှစ်တွင်အမေရိကန်နိုင်ငံတွင်ထုတ်ဝီခသည့်**"ကမ္ဘာ့သမိုင်းကိုပုံသွင်းထုဆစ်ခကတ်သည့်အမျိုးသမီး၁၀၀"**စာအုပ်တွင်ထည့်သွင်းဖေါ်ပြခြင်းခံခရလီသည်။၁၉၉၆ခုနှစ်တွင်အပြည်ပြည်ဆိုင်ရာများအကြား(အချင်းချင်း)အပြန်လှန်သဖေါပေါက်နားလည်မှုများအတွက်ချီးမြှင့်သည့်ဂျေဝီလီယံဖေ့ါဘရိုက်ဆုကိုအမေရိကန်သမ္မတဟောင်းဂျိန်မီကာတာ၊တောင်အာဖရိကသမ္မတဟောင်းနယ်လ်ဆိန်မန်ဒဲလားရို့နှင့်အတူလည်းကောင်း၊၁၉၉၉ခုနှစ်၊ဩဂုတ်လတွင်ထုတ်ဝီသည့်ထိုင်းမ်(Time)မဂ္ဂဇိန်း၏ **"၂၀ ရာစုအတွင်းဩဇာအညောင်းဆုံးအာသျှတိုက်သား၂၀"**စာရင်းထဲတွင်လည်းကောင်း၊ထိုင်းမ်(Time)မဂ္ဂဇိန်းမှပင်၂၀၀၆ခုနှစ်နိုဘမ်ဘာလအတွင်းရွီးချယ်ခသည့် **'အာရှတိုက်၏အကြီးကျယ်ဆုံးသောသူရဲကောင်း၆၅ဦး'**စာရင်းထဲတွင်အိန္ဒိယမှမဟတ္တမဂန္ဒီ၊မြန်မာမှဒေါ်အောင်ဆန်းစုကြည်၊စိန်ကာပူမှ လီကွမ်ယူ၊ ထိုင်းဘုရင်မင်းမြတ်ဘူမိဘိုးအဒူယာဒေ့ရို့နှင့်အတူလည်းကောင်း၊ဥရောပအခြီစိုက်'မတူသောအမြင်တစ်မျိုး'စာစဉ်၏၂၀၀၈ခုနှစ်ဂျန်နျူဝါရီလထုတ်တွင်**'ကမ္ဘာ့ဒီမိုခရေစီချံပီယံ ၁၅ဦး'**စာရင်းထဲ၌အမေရိကန်မှအေဗရာဟမ်လိန်ကိန်း၊ဒေါက်တာမာတိန်လူသာကိန်းဂျူနီယာ၊ပိုလန်မှလေ့ချ်ဝါလ်ဆာ၊ချက်သမ္မတနိုင်ငံမှဗာကလဗ်ဟောဗယ်ရို့နှင့်အတူလည်းကောင်းအသီးသီးလက်ခံရဟိခြင်း၊ရွီးချယ်ဂုဏ်ပြုခြင်းများခံခ ရလီသည်။

ယင်းသို့လျှင်ဖိလိပိုင်နိုင်ငံအတွက်သာမက၊အာသျှတိုက်အတွက်ပါပထမဦးဆုံးအမျိုးသမီးသမ္မတဖြစ်ခသည့်ကိုရာဇန်ဂျူယန်ကိုအကွီနိုအကြောင်းကိုတစိတစောင်းဂုဏ်ပြုရွီးသားတင်ပြပနာရခိုင်အမျိုးကောင်းသမီးအပေါင်းရို့လည်းပခက်လွဲသောလက်များကိုပိုင်ဆိုင်သလောက်၊အရည်အချင်းလည်းပြည့်ဝ၊ခံနိုင်ရည်လည်းပြည့်ဝသည့်နှလုံးသားနှင့်ရင်ကျက်သည့်စိတ်ဓါတ်ကိုမွီးဗျာယ်သတ္တိနှင့်ဖွဲ့၊အံကိုခဲလျှက်ဂေါင်းဆောင်နေရာများသို့အရောက်လှမ်းတက်နိုင်ကတ်ပါစီကြောင်းဆုတောင်းဆန္ဒပြုလိုက်ရပါသည်။ ။

အားလုံးကိုခင်မင်လေးစားလျှက်

*မောင်သာပေါ် (ရမ်းဗြဲ)*


<u>ကျမ်းကိုးစာရင်း</u>

၁။ Women World Leaders by Laura A. Liswood

၂။ www.wikipedia.org

၃။ World Almanac 2007

\- - - - - - -



# "ကြာ"

*အလွမ်းတိကကြာ*

*အချစ်တိလည်းကြာ*

*လမ်းခရီးမှာကြာ*

*ကမ်းမနီးစွာကြာ*

*ပင်ပမ်းကြီးစွာကြာ*

*ယင်းပိုင်နန့်ပင်*

*ပင်လယ်ထဲမှာ*

*ကြာမျိုးငါးခိုင်ဖူးပွင့်လှိုင်။ ။*

**ပင်လယ်မောင်စံ**

(သမုဒ္ဒရာကြီးများ၏အနားသတ်ကမ်းရိုးတမ်းတနိန်ရာရောက်ပင်လယ်ပျော်ရခိုင်သဖော်သားကြီးတယောက်မှတယ်လီဖုန်းဖြင့်လှမ်း၍ရွီးပီးလားသောကဗျာတိုချေတပုဒ်ဖြစ်ပါသည်။ ရခိုင်အသိုင်းအဝိုင်းများကြားဟိ နွီးထွီးသောဆက်ဆံမှုများအတွက်အားလုံးကိုကျေးဇူးတင်ရပါသည်။)

## <u>"ရခိုင်ပြည်ကဆင်ဖြူ"</u>



***ဟိုပုဂ္ဂိုလ်လည်းစီးချင်***

***ဒေတိုင်သျှင်လည်းစီးချင်***

***သျှင်ဖုရင်လုပ်ချင်ရေလူ***

***အများကြီးကြားမှာ***

***ဗျာ များနိန်ယင့်။ ။***

**ကာစော (မယူကမ်း)**





## မာ့ချ်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၆– မြန်မာနိုင်ငံအပေါ်စီးပွါးရေးအရဒဏ်ခတ်ပိတ်ဆို့ရေးကာလသက်တမ်းတိုးမြှင့်ရန်ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့သည်မြန်မာ့ဒီမိုခရေစီဂေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့်တွိဆုံဆွေးနွေးကတ်သည်။

၁၆– မြောက်ကိုးရီးယား၏အမှတ်မထင်တိုက်ခိုက်လာနှုင်ဖွယ်ဟိမှုအပေါ်ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားပါရန်တောင်ကိုးရီးယားသမ္မတမှတပ်လှန့်ပြောဆိုလိုက်သည်။

၁၇– မတ်လ၂၈ရက်မှစ၍နယူးယော့ထိုင်းမ်သတင်းစာ၏အိန်တာနက်စာမျက်နှာများတွင်၂၀ရာနှုန်းသောဆောင်းပါးများကိုသာအလကားဖတ်ခွင့်ရဖို့ဗျာယ်ဖြစ်ကြောင်းသတင်းထုတ်ပြန်သည်။

၁၇– စားသုံးကုန်နှင့်ဓါတ်ဆီစျီးနှုန်းများမြင့်တက်မှုကြောင့်ပြီးခသည့်လ အတွင်းအမေရိကန်ပြည်ထောင်စု၏ငွီကြီးဖေါင်းပွမှုနှုန်းသည် ၀.၅ရာနှုန်းမြင့်တက်လားသည်ဟုဆိုသည်။

၁၇– အပြည်ပြည်ဆိုင်ရာအာကာသစခန်းအားသက္ကရာဇ်၂၀၂၀ ထိအာကာသထဲတွင်ဆက်လက်ထားဟိလားရန်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသဖေါတူကတ်သည်။

၁၈– ဂျပန်ဝန်ကြီးချုပ်နောင်တိုကန်ကမိမိရို့နိုင်ငံသည်ဒုတိယကမ္ဘာစစ်ပွဲလွန်ကာလအတွင်းတွင်အကြီးမားဆုံးသောပျက်စီးဆုံးရှုံးမှုဖြစ်သည့်ငလျှင်နှင့်ဆူနာမီဒဏ်များကိုလွန်မြောက်ကာဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံပြန်လည်ဖြစ်လာလိမ့်မည်ဖြစ်ကြောင်းနှင့်၄င်းမှာဂျပန်အဖို့ဒုတိယအကြိမ်မြောက်ပြန်လည်ရှင်သန်ခြင်းဖြစ်လိမ့်မည်ဖြစ်ကြောင်းဖြင့်ပြောဆိုလိုက်သည်။

၁၈– အမေရိကန်သမ္မတအိုဘားမားသည်အကယ်၍ဂဒါဖီအနိန်ဖြင့်ပြောက်ကျားများအပေါ်တိုက်စစ်ဆင်နွှဲမှုကိုမရပ်ဆိုင်းပါကစစ်အင်အားသုံးမှုနှင့်ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်းပြောကြားလိုက်သည်။

၁၉– အမေရိကန်သမ္မတအိုဘားမားသည်သူ၏လက်တိန်အမေရိက ၃ နိုင်ငံခရီးစဉ်၏ပထမနိုအဖြစ်ဘရာဇီးနိုင်ငံသို့ရောက်ဟိလားသည်။

၂၀– ဟေတီနိုင်ငံတွင်သမ္မတသစ်ရွီးကောက်တင်မြှောက်ပွဲအေနိတွင်စတင်သည်။

## အင်္ဂါဂြိုဟ် (MARS)

**တည်နေရာ။** ။ နီကိုဗဟိုပြုသည့်ဂြိုဟ်ကြီး၉လုံးအနက်(နီမှစတင်ရီတွက်လျှင်) ၄ ခုမြောက်ဂြိုဟ်။

**နီမှအကွာအဝီး။** ။ ၁၄၂၀၀၀၀၀ မိုင် (၂၂၈၀၀၀၀၀ မီတာ)။

**နီကိုတပတ်ပတ်မိရန်ကြာသည့်ရက်ပေါင်း။** ။ ၆၈၇ (ကမ္ဘာ့အခြီပြု) ရက်။

**အချင်း။** ။ ၄၂၀၀ မိုင် (၆၇၆၀ ကီလိုမီတာ)။ (ကမ္ဘာ့အချင်း၏တဝက်ခန့်ဟိသည်။)

**အလီးချိန်။** ။ ၆၄၂ ကွိန်တီလီယံတန် (quintillion tons) (ကမ္ဘာ့အလီးချိန်၏တဝက်ခန့်ဟိသည်။

**သိပ်သည်းဆ။** ။ ၁ ကုဗဆိန်တီမီတာလျှင် ၃ . ၉ ဂရမ်။

**ဝင်ရိုးဗဟိုပြုတပါတ်လည်ရန်ကြာချိန်။** ။ ၂၄ နာရီနှင့် ၃၇မိနိ။ (ကမ္ဘာတွင် ၂၄ နာရီ)။

**ဝင်ရိုးတိမ်းစောင်းမှု။** ။ ၂၅ .၂ ဒီဂရီ။ (ကမ္ဘာတွင် ၂၃.၅ ဒီဂရီ)။

**မျက်နှာသွင်ပြင်။** ။ သဲဆန်မြီနှင့်ကျောက်တုံးကျောက်ခဲကြီးများ။

**ဂြိုဟ်၏မျက်နှာပြင်ကိုလွှမ်းခြုံထားသည့်အရာ။** ။ ကာဗွင်န်ဒိုင်အောက်ဆိုဒ်။

**အပူချိန်။** ။ –၄၀ ဒီဂရီဖာရိန်ဟိုက်မှ –၁၂၁ ဒီဂရီဖာရိန်ဟိုက်အတွင်းတွင်ဟိသည်။

**ဂြိုဟ်အမှတ်အသား။** ။ ♂





### ကမ္ဘာ့အကြီးဆုံးမြို့တော် ၂၀ (လူဦးရေအလိုက်)

၁။ ထိုကျို၊ ဂျပန် (၃၂သန်း)

၂။ ဆိုးလ်၊ တောင်ကိုးရီးယား (၂၀ သန်း)

၃။ မက္ကဆီကိုစီးတီး၊ မက္ကဆီကို (၂၀ သန်း)

၄။ နယူးယော့၊ အမေရိကန် (၁၉ သန်း)

၅။ မုမ်ဘိုင်၊ အိန္ဒိယ (၁၉ သန်း)

၆။ ဂျာကာတာ၊ အိန်ဒိုနီးသျှား (၁၈ သန်း)

၇။ စောဝ်ပါးလို၊ ဘရာဇီး(၁၈ သန်း)

၈။ ဒေလီ၊ အိန္ဒိယ (၁၈ သန်း)

၉။ အိုဆာကာ၊ ကိုဘေ၊ဂျပန် (၁၇ သန်း)

၁၀။ သျှန်ဟိုင်း၊ တရုတ် (၁၆ သန်း)

၁၁။ မနီလာ၊ ဖိလိပိုင် (၁၆ သန်း)

၁၂။ လော့စ်အိန်ဂျေလိစ်၊အမေရိကန် (၁၅ သန်း)

၁၃။ ကာလကတ္တား၊ အိန္ဒိယ (၁၅ သန်း)

၁၄။ မော်စကို၊ ရာသျှား (၁၅ သန်း)

၁၅။ ကိုင်ရို၊အီဂျိ (၁၄ သန်း)

၁၆။ လာဂိုစ်၊နိုင်ဂျီးရီးယား(၁၃သန်း)

၁၇။ ဗျူနိုအေရိစ်၊ အာဂျိန်ထီးနား (၁၃ သန်း)

၁၈။ လန်ဒန်၊ယူနိုက်တက်ကိန်းဒင်းမ် (၁၂ သန်း)

၁၉။ ဘီဂျိန်း(ပီကင်း)၊ တရုတ် (၁၂သန်း)

၂၀။ ကရာချိ၊ ပါကိစ္စတန် (၁၁ သန်း)

Source: http://www.worldatlas.com

“တရားမျှတပြီးကေ အမှန်တရားကို အဂေါင့်လည်းဂေါင့် မြတ်နိုးတန်ဖိုးထား၊ ကာကွယ်တတ်တေ ဂုဏ်ကျက်သရေဟိ တရားသူကြီး၏ အဆုံးအဖြတ်နန့် ယင်း၏ အကျိုးသက်ရောက်မှု တခုချေလည်းမဟိပဲနန့် ပြည်သူလူထုအတွက် နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြီခံဥပဒေထဲမှာ ရှီးဆွဲထားရေ အခွင့်အရေးဆိုစွာ အလကားပါ”

(အန်ဒရူးဂျက်ဆန်)

*“အမေရိကန်တိရေ ပြီးပြည့်စုံသောလူသားတိ မဟုတ်ကတ်ပါ၊ သို့သော် အမေရိကန်တိရေ ပြီးပြည့်စုံရေအခြေအနေ တရပ်ထဲကို ခရီးဆက်မြဲဆက်လျက်ပါ”*

“အကျွန်ရေအကျွန့်ခံစားမှုနန့်ဆန္ဒတိကိုအမှန်အတိုင်း မဖေါ် ပြရေအထက်လွှတ်တော်အမတ်တယောက်ဖြစ်ခပြီးကေယင်းအဖြစ်ရေအကျွန့် တဘဝလုံးကိုနောင်တရ စီသောအခြင်းအရာ တရပ်လည်းဖြစ်ပါရေ”

(အန်ဒရူးဂျက်ဆန်)

## မာ့ချ်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၂၁– အမေရိကန်သမ္မတဘာရာ့အိုဘားမားသည်တောင်အမေရိကခရီးစဉ်၏ဒုတိယခရီးတထောက်အဖြစ်ချီလီနိုင်ငံသို့ရောက်ဟိသည်။

၂၂– ဆူနာမီဒဏ်ခံရသည့်ဒေသတွင်းမှဂျပန်ဘဏ်တခုတွင်အမေရိကန်ဒေါ်လာဝါးသိန်းပျောက်ဆုံးနိန်သည်ဟုဆိုသည်။

၂၃– ဗြိတိန်၊ခယ်နေဒါနှင့်အမေရိကန်လီတပ်များ၏တိုက်ခိုက်မှုခံရသည့်ဂဒါဖီ၏လီတပ်သည်တိုက်ခိုက်၍မရသည့်အခြေအနေတရပ်တွင်ဟိလားဗျာယ်ဖြစ်ကြောင်းဖြင့်သတင်းများကဆိုသည်။

၂၄– ငလျှင်နှင့်ဆူနာမီကြောင့်ပျက်စီးလားသည့်ဂျပန်နိုင်ငံ၏ပြန်လည်ပြုပျင်ရေးလုပ်ငန်းစဉ်အတွက်ဂျပန်ယန်းငွီ၂၅ထရီလီယန်(အမေရိကန်ဒေါ်လာ၃၀၉ဘီလီယံ)ကုန်ကျမည်ဖြစ်ကြောင်းဖြင့်ဂျပန်အစိုးရမှပြောဆိုသည်။

၂၄– ပြီးခသည့်ဆယ်စုနှစ်တာကာလအတွင်းအမေရိကန်ပြည်ထောင်စု၏လူဦးရေတိုးတက်မှုတွင်စပိန်စကားပြောလက်တိန်အမေရိကန်နွယ်ဖွါးလူဦးရေတိုးနှုန်းသည်ရာနှုန်းတဝက်ကျော်ဟိကြောင်းဖြင့်အမေရိကန်လူဦးရေဆိုင်ရာစာရင်းအင်း၌ါနမှသတင်းထုတ်ပြန်သည်။

၂၅– တိဘက်ဘာသာရေးဂေါင်းဆောင်ဒလိုင်းလားမား၏အနားယူရန်ပြောဆိုမှုအပေါ်တိဘက်လွှတ်တော်မှသဖေါတူလိုက်ပြီးသူရို့၏လွှတ်မြောက်ရေးလှုပ်သျှားမှုအတွက်ဂေါင်းဆောင်သစ်ရွီးကောက်တင်မြှောက်လားရန်ဟိသည်ဟု သတင်းထုတ်ပြန်သည်။

၂၆– ပါကိစ္စတန်နိုင်ငံတွင်ဝန်ကြီးချုပ်ဟောင်းဘနာဇီယာဘူတိုအားလုပ်ကြံမှုဖြင့်နိုင်ငံ၏သမ္မတဟောင်းပါဘာ့မူချာရာ့ကိုဖမ်းဆီးနိူင်ရန်အိန်တာပိုအဖွဲ့၏အကူအညီလိုအပ်ကြောင်းတရားလိုများကဆိုသည်။

၂၇– ယူဂန္ဒာနိုင်ငံသည်မိမိရို့နိုင်ငံအတွင်းတွင်လိဗျားပိုင်ရင်းနှီးမြှုပ်နှံထားဟိငွီအမေရိကန်ဒေါ်လာ၃၇၅ဘီလီယံအားထိမ်းသိမ်းထားဟိလားမည်ဟုဆိုသည်။

၂၈– ကမ္ဘာ့ကုလသမဂ္ဂ၏အစီရင်ခံစာအရမြောက်ကိုးရီးယား၏လူဦးရေ၄ပုံ၁ပုံသည်စာနပ်ရိက္ခာအကူအညီအပူတပြင်းလိုအပ်နိန်ကြောင်းဖေါ်ပြထားဟိရာကမ္ဘာ့ကုသမဂ္ဂ၏စားနပ်ရိက္ခာကိုယ်စားလှယ်အဖွဲ့သည်အဆိုပါကိစ္စအပေါ်ဆွေးနွေးရန်အတွက်တောင်ကိုးရီးယားနိုင်ငံ၊ဆိုးလ်မြို့သို့ရောက်ဟိသည်။

၂၉– နိုင်ငံတကာဆိုင်ရာသံတမန်များအဖွဲ့သည်လန်ဒန်မြို့တော်တွင်တွိဆုံဆွေးနွေးမှုများပြုလုပ်အပြီးလိဗျားမှဂဒါဖီအပေါ်ထိုးစစ်ဆင်ရန်ပိုမိုနက်သျှိုင်း၊ကျယ်ပြန့်သည့်သဖေါတူညီမှုရဟိကြောင်းဖြင့်သတင်းများတွင်ဖေါ်ပြသည်။

၃၀– ဗမာပြည်တွင်စစ်တပ်၏အုပ်ချုပ်ရေးအခန်းကဏ္ဍအားတရားဝင်သဖေါအဆုံးသတ်လိုက်ပြီးစစ်ဗိုလ်ချုပ်ကြီးသိန်းစိန်၏သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုပွဲစတင်သည်။

၃၁– လိဗျားတွင်နေတိုးတပ်ဖွဲ့၏အပြီးသတ်ထိုးစစ်ဆင်မှုအစပျိုးခြင်းအဖြစ်နေတိုးတပ်ဖွဲ့ဝင်များ၏လီကြောင်းမှအင်အားဖြည့်တိုက်ခိုက်မှုကိုအေနိုတွင်စတင်သည်။


**‘နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်’ ဝယ်ယူဖတ်မှတ်သူများ၊ ကူညီဖြန့်ချီပီးသူများနှင့် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအပေါင်းအားအထူးကျေးဇူးတင်ဟိကြောင်း မှတ်တမ်းတင်အပ်ပါသည်။**





# ဓောပြည့်ညို့ရခိုင်စာအုပ်စင်

*(ရခိုင်အကြောင်းကိုအပြည့်အစုံ(သို့မဟုတ်)တစိတ်တဓောင်းဖေါ်ပြရှီးသားထားရေစာအုပ်တိရေကမ္ဘာ့ဘာသာအသီးသီးထဲမှာအများကြီးဟိနိန်ကြောင်းသုတေသနပြုချက်တိအရသိဟိရပါရေ။ အကျွန်ရို့၏‘ဓောပြည့်ညို့ရခိုင်စာအုပ်စင်’ ကဏ္ဍရေယင်းစာအုပ်တိကိုရှာဖွီပနာရခိုင်စာဖတ်ပရိတ်သတ်နန့်(တလမှာတအုပ်စီ)မိတ်ဆက်ပီးလားဖို့ဆိုရေရည်ရွယ်ချက်နန့်စီစဉ်တင်ပြ ထားခြင်းဖြစ်ပါရေ။)*




**စာအုပ်နာမည်။** ။ Arakan: Past, Present, Future. A resume of two campaigns for its Development.

**စာရှီးသူ။** ။ John Ogilvy Hay

**ထုတ်ဝီသူ။** ။ W. Blackwood and Sons

**ထုတ်ဝီသည့်ခုနှစ်။** ။ ၁၈၉၂။

**စာမျက်နှာ။** ။ ၂၃၈ မျက်နှာ။

**စာအုပ်တန်ဖိုး။** ။ ၃၀ ဒေါ်လာဝန်းကျင်တွင်ဟိပါသည်။

သက္ကရာဇ်၁၈၉၂ခုနှစ်၊ဗြိတိသျှအစိုးရလက်ထက်တွင်ရခိုင်ပြည်သည်ဗြိတိသျှပိုင်အိန္ဒိယအိန်ပါယာနယ်မြီ၏အစိတ်အပိုင်းတခုဖြစ်ရာအရှိအာသျှ၊တောင်အာသျှနှင့်အရှိတောင်အာသျှဒေသများအားလုံးသို့ လက်လှမ်းလည်းမှီ၊ထွက်ပေါက်လည်းကျသည့်ရခိုင်နယ်မြီသည်ရီကြောင်းမှလည်းကောင်း၊ကုန်းကြောင်းဖြင့်လည်းကောင်းမဟာဗျူဟာအရလွန်စွာအချက်အချာကျသည်ဖြစ်၍စစ်တွေဆိပ်ကမ်းကိုအိန္ဒိယအိန်ပါယာ၏တတိယအကြီးဆုံးဆိပ်ကမ်းအဖြစ်တည်ဆောက်လားရန်နှင့်စစ်တွေကိုဗဟိုပြု၍ဒါကာ(ဘင်္ဂလားဒေ့ချ်)မှသည်ဗမာပြည်ကိုဖြတ်လျှက်တရုတ်ပြည်သို့အဝင်ထိမီးရထားလမ်းဖေါက်လုပ်လားရန်ယင်းအချိန်ကစစ်တွေမြို့တော်ဝန်လည်းဖြစ်၊မြီတိုင်းအရာဟိကြီးလည်းဖြစ်သည့်John Ogilvy Hay ရှီးခသည့်အေစာအုပ်သည်အစိုးရအရာဟိအစီရင်ခံစာရှည်ကြီးဟုဆိုရပါချိမ့်မည်။ ရခိုင်သမိုင်းဖေါ်ပြချက်များလည်းပါဝင်ပြီးယင်းအချိန်ကရခိုင်ပြည်၏ရေီယာမှာစတုရန်းမိုင်ပေါင်း၁၈၅၂၉ဟိကြောင်းစာအုပ်တနေရာတွင်ဖေါ်ပြထားပါသည်။ဒေသတိုးတက်ရေးလုပ်ဆောင်လိုသူများအနိန်ဖြင့်လည်းကောင်း၊သမိုင်းတထောက်ကိုလေ့လာချင်သူများအနိန်ဖြင့်လည်းကောင်းဖတ်သင့်သောစာအုပ်တအုပ်ဖြစ်ကြောင်းမိတ်ဆက်တင်ပြလိုက်ရပါသည်။ ။

*မှတ်ချက်။ ။ ရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးရို့အနိန်ဖြင့်တဆင့်ဝယ်ယူပီးစီလိုပါကအေစာစဉ်အယ်ဒီတာသို့ဖုန်းဖြင့်ဖြစ်စီ၊စာဖြင့်ဖြစ်စီ၊အီးမဲလ်ဖြင့်ဖြစ်စီအသေးစိတ်ကိုမိန်းမြန်းဆက်သွယ်ဝယ်ယူနိုင်ကတ်ပါရေ။ ကျေးဇူးတင်ပါရေ။*

### *စာစဉ်မှာယူလိုလျှင်*

အေသတင်းစဉ်ဝယ်ယူအားပီးချင်သူများအနိန်ဖြင့်အောက်ဖေါ်ပြပါနီးစပ်ရာစာစဉ်ကူညီဖြန့်ချီပီးသူများမှ တဆင့် ဆက်သွယ်ဝယ်ယူနိူင်ကတ်ပါရေ။ ကျေးဇူးတင်ပါရေ။

ကို ကျော်သိန်း (ချီကာဂို)

☎ ၇၇၃–၄၁၄–၂၈၁၃

*ကို ဦးသိန်းမောင် (အိုင်အိုဝါ)*

*☎ ၅၁၅–၃၂၆–၄၆၂၂*

ကို အောင်ထွန်းစိန် (ပိစ်ဘာ့ဂ်)

☎ ၄၁၂–၄၀၃–၇၈၂၂

*ကို ရန်အောင် (ဘာဖဲလို)*


*☎ ၇၁၆–၂၃၅–၇၀၉၂*

ဂိုးချေ (ယူတား)

☎ ၈၀၁–၅၁၂–၁၀၃၆

*ကို စောသိန်းမောင် (ချီကာဂို*

*☎ ၆၃၀–၇၄၉–၈၀၈၃*





**Sources:** (သတင်းနှင့်အချက်အလက်များကို အောက်ဖေါ်ပြပါသတင်း၌ါနများနှင့် စာအုပ်စာတမ်းများမှ စုဆောင်းရယူပါသည်။)


http://www.bangkokpost.com/news/

http://www.bbc.co.uk/news/

http://www.cnn.com/

http://www.news24.com/

http://www.topix.com/world/south-america

http://www.smh.com.au/

Time Magazine

Oxford Essential Biographical Dictionary

ရခိုင်ဝေါဟာရအဘိဓါန်ကျမ်း (အသျှင်ဝါသဝ)

The New York Times Alamanac (2007)

The New Book of Knowledge (2005)

Student Discovery Encyclopedia (2003)

Countries of the World and Their Leaders Year-book (2004)

Chronicle of the 20th Century

The Complete Book of U.S. Presidents

# လေးခွန်းစကားအိန်တာဗျူး



*အမေရိကန်ကိုရောက်စွာဇာလောက်ကြာပါယာလဲ။*

**၃ လဟိပါယာ။**

*အမေရိကန်မှာအကြိုက်ဆုံးက ဇာပါလဲ။*

**လွတ်လပ်မှုနန့်ကိုယ်ပိုင်ကြိုးစားပိုင်ခွင့်ဟိစွာကိုအကြိုက်ဆုံးပါ။**

*အမေရိကန်မှာ မကြိုက်ဆုံးက ဇာပါလဲ။*

**ကိုယ့်ဘားကလာရေလူတိရေကိုယ့်ယဉ်ကျေးမှုကိုလည်းဟုတ်တိပါတ်တိမခံယူလိုက်ယာ၊ ဒေကယဉ်ကျေးမှုကိုလည်းဟုတ်တိပါတ်တိနားလည်မှု၊ခံယူမှုမဟိပဲနန့်ကြားမှာသျှောင်မျိုးဖြစ်နိန်ရေအခြေအနေကိုမကြိုက်ဆုံးပါ။**

*ကိုယ့်ဘားကို(ကိုယ့်ရခိုင်ပြည်ကို)အောင့်မိကေဇာကိုစီအယင်ဆုံးသတိရဖြစ်ပါလဲ။*

**ကိုယ့်ရွာ၊ကိုယ့်မိသားစု၊သူငယ်ချင်းအသိုင်းအဝိုင်းတိပါ။နောက်တခုက၊ဒေမှာက ဖုရားရှုပ်ထုတိတော့ကေဟိပါရေ။စေတီပုထိုးတိမဟိပါ။ယေခါကိုယ့်ဘားမှာသျှောင်ဖုရားဇာတိပုထိုးတိကိုဖူးချင်စိတ်ကြောင့်လည်းကိုယ့်ဘားကိုအောင့်မိဖြစ်ပါရေ။**

ကို မောင်ချေ(ရမ်းဗြဲလေးတောင်)

Wisconsin, U.S.A.



*နယ်သာလန်မှာရောက်စွာဇာလောက်ကြာပါယာလဲ။*

**ဆယ်နှစ်ပါ။**

*နယ်သာလန်မှာဇာကိုအကြိုက်ဆုံးပါလဲ။*

**နယ်သာလန်မှာအကြိုက်ဆုံးက ပညာရေးစနစ်ပင်ဖြစ်ပါရေ။ဇာဖြစ်လို့လဲဆိုကေအစိုးရကကျောင်းသားကျောင်းသူတိကိုတက္ကသိုလ်ကဘွဲ့ရရေအထိ ပညာသင်ကြားပိုင်ခွင့်ကိုထောက်ပံ့ပီးလို့ပင်ဖြစ်ပါရေ။အသက်၃၀မကျော်ရေကျောင်းသားကျောင်းသူတိစွာအထောက်အပံ့ကိုပြည့်ပြည့်ဝဝရကတ်ပါရေ။အသက်၃၀ကျော်လားခလို့ပညာဆက်သင်ချင်ရေဆိုကေအစိုးရဘားကစာသင်စရိတ်ဖဲသာ ချီးလို့ရပါသိမ့်ရေ။**

*နယ်သာလန်မှာမကြိုက်ဆုံးကဇာပါလဲ။*

**နယ်သာလန်မှာမကြိုက်ဆုံးကရာသီဥတုပင်ဖြစ်ပါရေ။ဆောင်းရာသီမှာချမ်းရေပိုင်နှီရာသီမှာလေ့မိုးရွာပြီးကေလီတိကလေ့ရက်ပြတ်တိုက်တတ်လို့ရာသီဥတု ဆိုးပါရေ။**

*ကိုယ့်ဘားကိုအောင့်မိကေဇာကိုစီအယင်ဆုံးသတိရဖြစ်ပါလဲ။*

**ကျောက်တော်ကိုအောက်မိသတိရတိုင်းပထမဆုံးအတွက်ပေါ်မိစွာကကျောက်တော်ဖောင်တော်ထက်မှာ ညဉ့်ခါဖက်သားလပပြိုပြောင်ချေနန့် ဂစ္ဆပနဒီမြစ်ပြင်ကတိုက်နိန်ရေလီညှင်းချေခံပနာဂီတာတီးခစွာကို အယင်ဆုံးသတိရပါရေ။**

ခိုင်အောင်အောင် (ကျောက်တော်)

Maastricht, The Netherlands



*အမေရိကန်ကိုရောက်စွာဇာလောက်ကြာပါယာလဲ။*

**၁ နှစ်ကျော်ပါယာ။**

*အမေရိကန်မှာဇာကိုအကြိုက်ဆုံးပါလဲ။*

**အမေရိကန်မှာအကြိုက်ဆုံးကတော့ကေလူနိန်မှုအဆင့်အတန်းခွဲခြားမှု၊လူမျိုးဘာသာခွဲခြားမှုမဟိစွာကို အကြိုက်ဆုံးပါ။**

*အမေရိကန်မှာ မကြိုက်ဆုံးက ဇာပါလဲ။*

**အမေရိကန်မှာမကြိုက်ဆုံးကတော့ကေဆောင်းရာသီမှာဆီးလိပ်သောက်ရစွာကို လုံးဝ မကြိုက်ပါ။**

*ကိုယ့်ဘားကို(ကိုယ့်ရခိုင်ပြည်ကို)အောင့်မိကေဇာကိုစီအယင်ဆုံးသတိရဖြစ်ပါလဲ။*

**ကိုယ့်ဘား၊ကိုယ့်ရွာကိုအောင့်မိရေခါ ဖုရားပွဲ၊ ကျင်ပွဲ၊ ပြိုင်လောင်းပွဲတိကို ပထမဦးဆုံးသတိရဖြစ်ပါရေ။**

ကို ဦးသိန်းမောင် (မင်းပြား)

Iowa, U.S.A.



*အမေရိကန်ကိုရောက်စွာဇာလောက်ကြာပါယာလဲ။*

**၁ နှစ်ခွဲဟိပါဗျာ။**

*အမေရိကန်မှာအကြိုက်ဆုံးက ဇာပါလဲ။*

**တရားဥပဒေစိုးမိုးမှုအောက်မှာစည်းကမ်းဟိဟိလုပ်ကိုင်၊နိန်ထိုင်ရစွာကိုအကြိုက်ဆုံးပါ။**

*အမေရိကန်မှာ မကြိုက်ဆုံးက ဇာပါလဲ။*

**နိုင်ငံရပ်ခြားကနိန်အေဂုမှအသစ်ဝင်လာကတ်တေလူတိကိုလုပ်ငန်းခွင်တိထဲမှာဟိနိန်တတ်တေခွဲခြားဆက်ဆံမှုပုံစံမျိုးတိကိုမကြိုက်ပါ။**

*ကိုယ့်ဘားကို(ကိုယ့်ရခိုင်ပြည်ကို)အောင့်မိကေဇာကိုစီအယင်ဆုံးသတိရဖြစ်ပါလဲ။*

**အခြားတခုဒေသမှာလည်းမတွိနိူင်သောဗုဒ္ဓသာသနာတော်ထွန်းကားရေရခိုင်ပြည်၏စိမ်းလန်းစိုပြေရေတောတောင်သဘာဝအလှအပတိကိုပါ။**

ကို အောင်ထွန်းစိန် (မြောက်ဦး)

Pennsylvania, U.S.A.





(မျက်နှာဖုံးဆောင်းပါးမှ အဆက်)

အာဖရိက၏အချမ်းသာဆုံးနိုင်ငံတိထဲမှာတခုအပါအဝင်အဖြစ်ကိုတမဟုတ်ချင်းကူးပြောင်းလာလို့ဖြစ်ပါရေ။

ရီနံနန့်ကျိုကျိုတက်ချမ်းသာလာရေလိဗျားကိုလူတယောက်တည်းပိုင်နယ်မြီအဖြစ်ပြောင်းလဲမှုကာလကို၁၉၆၉ခုနှစ်၊စက်တိမ်ဘာလာရက်နိမှာဗိုလ်မှူးကြီးဂဒါဖီ၏စစ်ဖက်အာဏာသိမ်းမှုနန့်ကွင်းဖွင့်ခစွာဖြစ်ပါရေ။ဂဒါဖီရေအာဏာသိမ်းပြီးပြီးချင်းလိဗျားဘုရင်မိသားစုဝင်တိကိုနှိပ်ကွပ်ခြင်း၊နိုင်ငံခြားသားပိုင်ကုမ္ပဏီနန့်အခြားပိုင်ဆိုင်မှုတိအားလုံးကိုပြည်သူပိုင်သိမ်းခြင်း၊ပြည်ပကလာရောက်ဖွင့်လှစ်ထားရေစာကြည့်တိုက်နန့်ယဉ်ကျေးမှုဌါနများပိတ်ခြင်းတိကိုလုပ်ဆောင်ပါရေ။သူ့ကိုယ်ပိုင်ဖီလော်ဆော်ဖီတိကိုမဟာမေဒင်ဘာသာထုံးတမ်းတိနန့်ရောမွှီပနာအိစလမ်ဘာသာရေးစည်းမျဉ်းအခြီခံနိုင်ငံတခုပုံစံမျိုးပုံသွင်းယူခစွာဖြစ်ပါရေ။နိုင်ငံရပ်ခြားသို့ထွက်ပြီးတိမ်းသျှောင်လားခရေဂဒါဖီဆန့်ကျင်သူလိဗျားနိုင်ငံရေးသမားများစွာရေတယောက်ပြီးတယောက်(စနစ်တကျ)လုပ်ကြံခံကတ်ရပါရေ။အိမ်နားပါးချင်း အီဂျိနန့်ဆူဒန်နိုင်ငံများအပေါ်ဆန့်ကျင်မှုကိုအခြီခံရေစစ်ရေးတည်ဆောက်မှုတိကိုပြုလုပ်ပါရေ။

ယင်းပိုင်နန့်၁၉၆၉ခုနှစ်ကပင်ဂဒါဖီ၏တကိုယ်တော်အာဏာသျှင်စနစ်အောက်မှာဖြစ်တည်လာရေလိဗျားနန့်ဒီမိုခရေစီပါဝါသျှင်အမေရိကန်ပြည်ထောင်စုရို့ကြားမှာ၁၉၈၀ပြည့်လွှန်နှစ်တိကပင်စပြီးကေအဖုအထစ်တိအများကြီးဟိနိန်ခပါရေ။၁၉၈၁ခုနှစ်၊မေလမှာဝါသျှိန်တန်ဒီစီမှာဟိရေလိဗျားသံရုံးကိုပိတ်ပလိုက်မှု၊ယင်းနှစ်ဩဂုတ်လ၊ဆိုင်ဒရာပင်လယ်ကွေ့မှာအမေရိကန်ရီတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်နိန်တုန်းလိဗျားစစ်လီယဉ်ပျံနှစ်စင်းပစ်ချခံရမှု၊အမေရိကန်၏လိဗျားအပေါ်စီးပွါးရေးပိတ်ဆို့အရေးယူမှု၊၁၉၈၆ခုနှစ်မှာနှစ်နိုင်ငံကြားစစ်ရေးဆိုင်ရာတင်းမာမှု၊ယင်းနှစ်ထဲမှာပင်အနောက်ဂျာမဏီနိုင်ငံဘာလိန်မြို့တော်၏ညဉ့်ကလပ်တခုမှာ လိဗျားနောက်ခံတစုကဗုံးခွဲစွာမှာအမေရိကန်တပ်သား၂ယောက်သီဆုံးမှု၊၁၉၈၈မှာပန်အမ်(Pan Am)လီယဉ်ပျံဗုံးခွဲခံရစွာမှာလိဗျားပါဝင်ပါက်သက်မှုအစဟိရေအဖြစ်အပျက်တိအဓိကအပါအဝင်ဖြစ်ပါရေ။

ယင်းသျှောင်မျိုးမိုက်မိုက်မာမာပုံစံနန့်အုပ်စိုးနိန်ထိုင်လာရေဂဒါဖီရေ၂၀၀၃ခုနှစ်မှာမထင်မှတ်တေခြီလှမ်းကြီးနှစ်လှမ်းကိုလှမ်းပနာနိုင်ငံတကာအသိုင်းအဝိုင်းကြားမှာမျက်နှာပန်းလှအောင်လုပ်ယူလိုက်ပါရေ။ပထမတခုက လိဗျားပါဝင်ပါက်သက်တေလီယဉ်ပျံဗုံးခွဲမှုမှာသီဆုံးလားရေခရီးသည်မိသားစုဝင်တိအတွက်လျော်ကြေးငွေအမေရိကန်ဒေါ်လာ ၂.၇ဘီလီယံကိုပီးချီလိုက်မှုပါ။နောက်တခုကတော့ကေ၂၀၀၃ဒီဇိမ်ဘာမှာလိဗျားကြိုးပမ်းနိန်ရေဓါတုနန့်ချူကလီးယားလက်နက်ပိုင်ဆိုင်ရေးလမ်းစဉ်တိကိုစွန့်လွှတ်ပနာနိုင်ငံတကာအနုမြူလက်နက်မပြန့်ပွါးရေးစာချုပ် (Nuclear Nonproliferation Treaty)မှာလက်မှတ်ရွီးထိုးဖို့ကြော်ငြာချက်ထုတ်ပြန်လိုက်မှုပင်ဖြစ်ပါရေ။ယင်းခြီလှမ်းကြီးနှစ်လှမ်းကိုဂဒါဖီလှမ်းလိုက်တေနောက်မှာအမေရိကန်ပြည်ထောင်စုအနိန်နန့်လိဗျားအပေါ်ချမှတ်ထားဟိရေစီးပွါးရေးပိတ်ဆို့အရေးယူမှုတိအားလုံးကိုရုပ်သိမ်းပလိုက်ပါရေ။

သို့သော်လည်းမျိုးဆက်သုံးဆက်စာခန့်အာဏာသျှင်အဖြစ်မင်းမူနိန်ထိုင်လာရေဂဒါဖီအတွက်ကံအကြောင်းမလှရေဖြစ်ရပ်ကတော့ကေ၂၀၁၁ခုနှစ်၊နှစ်ဦးပိုင်းမှာအသျှိန်အဟုန်ကောင်းကောင်းနန့်ပေါ်ပေါက်လာရေအရှိအလယ်ပိုင်းနန့်အာဖရိကမြောက်ပိုင်းက ပန်းစံပါယ်တော်လှန်ရေး(Jasmine Revolution)ပင်ဖြစ်ပါရေ။ပြီးခရေလပိုင်းချေတိအတွင်းမှာသူရို့အာဏာသျှင်များကလပ်အသင်းဝင်ဟောင်းတိလည်းဖြစ်၊လိဗျား၏ဘယ်ညာအိမ်နားပါးချင်းတိလည်းဖြစ်ကတ်တေတူနီးသျှားကဘန်အလီနန့်အီဂျိကဟော့စနီမူဘာရက့်ရို့ရှိဆင့်နောက်ဆင့်Goodbyeလုပ်လားကတ်အပြီးမှာသူကအယင်အတိုင်းမိုက်မိုက်မာမာပုံစံနန့်ကျန်လိုက်စွာပါ။၄၂နှစ်ကြာအုပ်စိုးလာရေသမ္မတသက်တမ်းကဆင်းပီးဖို့ဆန္ဒပြကတ်တေပြည်သူတိကိုသေနတ်နန့်ပစ်တောင်မကလီယဉ်ပျံနန့်ဗုံးကြဲဖို့လိဗျားလီတပ်မတော်ကိုအမိန့်ပီးဝံ့ရေသူရဲကောင်းပါ။အေဂုဆိုကေလိဗျားမှာဂဒါဖီသစ္စာခံတပ်ဖွဲ့တိနန့်ဂဒါဖီဆန့်ကျင်သူအုပ်စုတိကြားမှာတိုက်ပွဲတိအဆက်မပြတ်ဖြစ်ပွါးနိန်ပြီးကေနေတိုးတပ်ဖွဲ့ကလည်းအပြီးသတ်ထိုးစစ်ဆင်ဖို့ပျင်ဆင်နိန်ဗျာယ်ဖြစ်ပါရေ။(၂၀၁၁ခုနှစ်၊မာ့ချ်လ၂၉ရက်နိ)လိဗျားအရေးကိစ္စနန့်ပက်သက်လို့လန်ဒန်မှာလုပ်တေနိုင်ငံတကာသံတမံများအစည်းအဝေးသို့ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမုန်းအပါအဝင်နိုင်ငံပေါင်း၃၀ကျော်ကကိုယ်စားလှယ်တိတက်ရောက်ကတ်ပြီးကေနိုင်ငံရေး၊စီးပွါးရေး၊စစ်ရေးနည်းလမ်းမျိုးစုံနန့်ဂဒါဖီအုပ်စုကိုဖိအားပီးလားဖို့တင်းတင်းကျပ်ကျပ်ပျင်ဆင်နိန်ကတ်ဗျာယ်ဖြစ်ပါရေ။

ကမ္ဘာ့ကုလသမဂ္ဂအပါအဝင်ကမ္ဘာ့နိုင်ငံအသီးသီး၏ဖိအားပေါင်းစုံအောက်မှာဂဒါဖီဇာလုပ်ဖို့လဲ။ဇာကိုလားဖို့လဲ။ဘဇောင်နိဂုံးချုပ်ဖို့လဲ။မကြာခင်မြင်ကတ်ရဖို့ကိုမျှော်လင့်လျှက်ပါ။

● ● ● ● ● ● ●






**Andrew Jackson**

**အန်ဒရူးဂျက်ဆန်**

**(၇ ယောက်မြောက်အမေရိကန်သမ္မတ)**

**မွီးနိ။** ။ မာ့ချ် ၁၅၊ ၁၇၆၇။

**ဘဝသက်တမ်း။** ။ ၁၇၆၇–၁၈၄၅။

**မွီးရပ်။** ။ ဝါ့ခ်စ်ဟော (Waxhaw) တောင်ခယ်ရိုလိုင်းနားပြည်နယ်။

**အမိ။** ။ အဲလိဇာဘက်ဟာ့ချိန်ဆိန်ဂျက်ဆိန်။

**အဖ။** ။ အန်ဒရူးဂျက်ဆန်။

**မယား။** ။ ရာချယ်ဂျက်ဆန်။

**သားသမီးများ။** ။ သားသမီးမထွန်းကားချေ။ အမျိုးသမီးဖက်မှတူတော်သူတဦးကိုမွီးဇါပ်ပြီး နာမည်ကိုအန်ဒရူးဂျက်ဆန်(ဂျူနီယာ)ဟုပီးခသည်။

**နာမည်ပြောင်။** ။ ဟိကရီအိုကြီး (Old Hickory)

**ကောလိပ်/တက္ကသိုလ်။** ။မည်သည့်ကောလိပ် တက္ကသိုလ်ကိုမှ မတက်ဖူးပါ။

**အသက်မွီးအလုပ်အကိုင်။** ။ ရှိနီ၊ စီးပွါးရေး လုပ်ငန်းသျှင်။

**စစ်ရေးအတွိအကြုံ။** ။ အသက်၁၃နှစ်အရွယ်၊ အမေရိကန်တော်လှန်ရေးကာလတွင်စစ်မှုထမ်းရွက်ဖူးသည်။

**နိုင်ငံရေးလုပ်သက်။** ။ အောက်လွှတ်တော်အမတ်၊ အထက်လွှတ်တော်အမတ်၊ ထန်နက်ဆီပြည်နယ်တရားရေးဝန်၊ ဖလော်ရီဒါပြည်နယ်ခရိုင်အုပ်ချုပ်ရေးမှူး၊ သမ္မတ။

**ပါတီ။** ။ ဒီမိုခရက်ထိခ်။

**ဒေသခံပြည်နယ်။** ။ ထန်နက်ဆီ။

**သမ္မတရွီးကောက်ပွဲသက်တမ်းတလျှောက်အတိုက်အခံများ။** ။ဂျွင်ကွန်စီအဒမ်၊ဟိန်နရီကလေး။

**သမ္မတသက်တမ်း။** ။ Mar 4, 1825 မှ Mar 3, 1837 ထိ။

**ဒုတိယသမ္မတ။** ။ John Caldwell Calhoun ၊ **Martin Van Buren**။

## သိထားသင့်သော အင်္ဂလိပ်ဘာသာအတိုကောက်များ

*(အယင်လမှအဆက်)*

cop., @ - copyright
(စာ)မူပိုင်ခွင့်။

Corp. – corporation;
ကော်ပိုရေးသျှန်း။

C.P.A. – certified public accountant
လက်မှတ်ရပြည်သူ့စာရင်းကိုင်။

CST – central standard time
ဗဟို(အလယ်ပိုင်း)စံတော်ချိန်။

d. – died; day
သီဆုံးသည်။ နိ၊ ရက်။

D.A. – District Attorney
ခရိုင်တရားသူကြီး။

D.D.S. – Doctor of Dental Surgery
သွားဆရာဝန်။

Dem – Democract
ဒီမိုခရက်၊ ဒီမိုခရက်ထိပါတီ၊ ဒီမိုခရက်ထိခ်ပါတီဝင်များ။

Dept. – department
ဌါန၊ ဌါနခွဲ။

Dia., diam – diameter
အချင်း

DNA – deoxyribonucleic acid (chemical carrying genetic information)
မျိုးရိုးဗီဇအခြိခံဆဲလ်သတင်းအချက်အလက်အားစမ်းသပ်စိစစ်ပီးသည့်အက်ဆိဓါတ်။

*ဆက်လက်ဖေါ်ပြလားပါမည်။*

## မြေပုံကြည့်ယက်ပင်းသတင်းဖတ်



*ဂွါတီမာလာ၏ လက်ဟိသမ္မတနှင့် အနာဂါတ်သမ္မတလောင်း ရှိ၏ နောက်ဆုံး အနမ်း*

**ဂွါတီမာလာနိုင်ငံတွင်လက်ဟိသမ္မတ အယ်လ်ဘာရိုကိုလုမ်း(Alvaro Colom)၏ဇနီးဖြစ်သူ စန္ဒရာထိုရီဒီကိုလုမ်း (Sandra Torres de Colom) သည်သျှစ်နှစ်ကြာပေါင်းသင်းလာသည့်သူမ၏လင်အားတရားဝင်ကွာသျှင်းပြတ်စဲကြောင်း နှင့်သို့မှသာနောက်လာမည့်သမ္မတရွီးကောက်ပွဲတွင်သမ္မတလောင်းအဖြစ်ဝင်ရောက်အရွှီးခံနှိုင်လိမ့်မည်ဖြစ်ကြောင်း ဖြင့်ဆိုသည်။ဂွါတီမာလာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရသမ္မတဖြစ်ဖူးသူ၏နီးစပ်သောဆွီမျိုးရင်းချာမိသားစုဝင်များအနိန်ဖြင့်နိုင်ငံသမ္မတရွီးကောက်ပွဲတွင်ဝင်ရောက်အရွှီးခံပိုင်ခွင့်မဟိချေ။**

(မာ့ချ်၂၄၊ Time)



**ပြီးခသည့်နှစ်ကလျှင်ဒဏ်ကြောင့်ပျက်စီးဆုံးသျှုံးမှုများအားပြန်လည်တည်ဆောက်ရေးဝယ်အခက်အခဲများမြောက်များစွာဟိနိန်လင့်ကစားဟေတီနိုင်ငံသားများသည်သူရို့နိုင်ငံ၏သမ္မတသစ်ရွီးကောက်တင်မြောက်မည့်နိုင်ငံနှင့်အဝှမ်းဆန္ဒမဲပီးပွဲတွင်ပါဝင်ဆင်နွဲနိန်ကတ်သည်။ (မာ့ချ် ၂၀)**





အိုင်ဗရီကို့စ်နိုင်ငံတွင်ပြီးခသည့်နိုဗမ်ဘာလ၌သမ္မတရွီးကောက်ပွဲကျင်းပရာတွင်ရွီးကောက်ခံသမ္မတလောင်းအလာဆာနီအော်ထာရာ(Alassane Ouattara)မှအနိုင်ရဟိသည်ကို(ယင်းအချိန်က)လက်ဟိသမ္မတလောရန့်ဂျီဘာဘို (Laurent Gbagbo)မှအသိအမှတ်ပြုအာဏာလွှဲပြောင်းရန်ငြင်းဆန်သဖြင့်နှစ်ဖက်ထောက်ခံသူများကြားတိုက်ပွဲဖြစ်ပွါးရာနိုင်ငံပြည်သူများသန်းနှင့်ချီ၍ထွက်ပြီးတိမ်းသျှောင်လားကတ်ပြီးအောဂုအခါကမ္ဘာ့ကုသမဂ္ဂနောက်ခံပြုထားသည့်ရွီးကောက်ပွဲအနိုင်ရသမ္မတအော်ထရာထောက်ခံသူတပ်ဖွဲ့များသည်နိုင်ငံ၏မြို့တော်အားသိမ်းပိုက်မိလားဗျာယ်ဟုသတင်းများတွင်ဖေါ်ပြသည်။
(မာ့ချ်၃၀၊ ဘီဘီစီ)






## သတင်းဖတ်ပနာမြေပုံကြည့်






မာ့ချ်လဒုတိယပတ်ထဲ၌ဂျပန်နိုင်ငံအရှိမြောက်ပိုင်းတွင်မဂ္ဂနီကျူ၈.၉ဟိသောငလျှင်လှုပ်ခတ်ပြီး ဆူနာမီခေါ် ပင်လယ်ရီလှိုင်းကြီးများဝင်ရောက်လာသဖြင့်သောင်းနှင့်ချီသောလူများသီဆုံးပြီးအပျက်အစီးများများစွာဖြစ်ပွါးလားပါသည်။အဆိုးရွားဆုံးအပျက်အစီးနှင့်ဘေးအန္တရာယ်မှာငလျှင်ဒဏ်ကြောင့်ပျက်စီးလားသည့်နျူကလီးယားဓါတ်ပေါင်းဖိုများမှဓါတ်ရောက်ခြည်များပြန့်နှံ့မှုကိစ္စဖြစ်သည်။အေသဘာဝဘေးဒုက္ခကြောင့်ပျက်စီးလားရသည့်စိတ်ပိုင်းဆိုင်ရာ၊ရုပ်ပိုင်းဆိုင်ရာများအားလုံးပုံမှန်အခြေအနေတရပ်သို့ရောက်ဟိလာနှိုင်မည်ဟုမျှော်လင့်ရပါကြောင်းနှင့်ရုပ်ပိုင်းဆိုင်ရာအပျက်အစီးများအားပျင်ဆင်ရန်အမေရိကန်ဒေါ်လာဘီလီယံပေါင်း၃၀၀ကျော်ကုန်ကျမည်ဟုဆိုသည်။



အရှိတောင်အာသျှ၊အရှိအာသျှနှင့်အရှိအလယ်ပိုင်းဒေသများတွင်ကြံ့ဂြိုများစီးကောင်းလာနိန်မှုကြောင့်အာဖရိကတိုက်ဟိကြံ့များစွာသတ်ဖြတ်ခံရလျှက်ဟိသည်ဟုသတင်းများတွင်ဖေါ်ပြသည်။ ပြီးခသည့်၃နှစ်ခန့်အတွင်းတွင်အာဖရိကကြံ့ကောင်ရေ၈၀၀ခန့်အသတ်ခံခကတ်ရပြီးလက်ဟိပေါက်ဈီးအရကြံ့ဂြိုကီလိုလျှင်အမေရိကန်ဒေါ်လာ ၃သောင်းကျော်ဟိသည်ဟုဆိုသည်။
(မာ့ချ် ၂၆၊ ဘီဘီစီ)




အရှိတီမောနိုင်ငံတွင်လွန်ခသည့်၄နှစ်ခန့်ကပြည်တွင်းစစ်ဖြစ်ပွါးနှိုင်လောက်သည့်နိုင်ငံတွင်းမငြိမ်မသက်မှုများဖြစ်ပွါးပြီးနောက်ကမ္ဘာ့ကုလသမဂ္ဂဦးဆောင်သည့်ပုလိပ်တပ်ဖွဲ့များ၏တပ်စွဲလေ့ကျင့်မှုများပြုလုပ်ပြီးနောက်အောဂုအခါကမ္ဘာ့ကုလသမဂ္ဂပုလိပ်တပ်ဖွဲ့များသည်နိုင်ငံတွင်းတရားဥပဒေစိုးမိုးရေးကိစ္စအဝဝကိုအရှိတီမောပုလိပ်တပ်ဖွဲ့များလက်ဝယ်သို့အပ်နှင်းလိုက်ဗျာယ်ဖြစ်သည်။ (မာ့ချ် ၂၇)



၂၅– ဗမာပြည်ကျိုင်းတုံနှင့်တာချီလိတ်ဒေသများတွင်(အမေရိကန်ငလျှင်တိုင်းတာရေးဌါန၏တိုင်းတာမှုများအရ)ပြင်းအား၆.၈ဟိသည့်ငလျှင်တရပ်လှုပ်ခတ်လားရာလူပေါင်း၇၅ယောက်ခန့်သီဆုံးပြီး၊၁၁၀ခန့်ဒဏ်ရာရဟိကာအဆောက်အဦးပေါင်း၂၀၀ကျော်ပျက်စီးလားကြောင်းသတင်းထုတ်ပြန်သည်။ မာ့ချ် ၂၅ (ဘန်ကောက်ပို့စ်)